# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၆ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက် | ၂၀၂၅ ခုနှစ်၊ မတ် ၂ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၁၅၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ သီးနှံများအထွက်တိုးရေးပင်ဖြစ် နိုင်ငံတော်အနေဖြင့် သီးနှံများကို ပန်းတိုင်အထွက်နှုန်းများရရှိရေး အလေးပေးဆောင်ရွက်လျက်ရှိ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး
သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ
တောင်သူလယ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်
သဝဏ်လွှာ
(၂၀၂၅ ခုနှစ်၊ မတ်လ ၂ ရက်)

ချစ်ခင်လေးစား အားထားရပါသော တောင်သူလယ်သမား ဦးကြီးများ ခင်ဗျာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ဖြစ်သော ၂၀၂၅ ခုနှစ်၊ မတ်လ (၂) ရက်နေ့ နေ့ထူးနေ့မြတ် အခါသမယတွင် နိုင်ငံတော်အတွင်းရှိ တောင်သူလယ်သမားဦးကြီးများအားလုံး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကျန်းမာချမ်းသာကြပါစေကြောင်း ချစ်ခင်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

တိုင်းရင်းသားပြည်သူတို့၏ စားရေရိက္ခာဖူလုံရေးအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိကြသည့် စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားဦးကြီးများ၏ ကြိုးစားအားထုတ်မှုနှင့် စွမ်းဆောင်မှုများကို အထူးဂုဏ်ပြုပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆတက်ထမ်းပိုး ပိုမိုတိုးတက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်ကြပြီး တောင်သူလယ်သမားဦးကြီးများ၏ စီးပွားဥစ္စာဒီရေအလားတိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖



# ပွင့်ဖြူမြို့နယ်၌ မိုးရာသီစိုက် ချည်မျှင်ရှည်ဝါသီးနှံ ဧက ၅၈၀၀ ကျော် သိမ်းဆည်းပြီးစီး ပိုးမွှားအန္တရာယ်ကင်းပြီး အောင်မြင်ဖြစ်ထွန်းမှုကြောင့် ယခင်နှစ်ထက် ဝါအထွက်နှုန်းကောင်းမွန်

ပွင့်ဖြူ မတ် ၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ချည်မျှင်ရှည်ဝါသီးနှံ ၅၈၁၄ ဧက ရာနှုန်းပြည့် သိမ်းဆည်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရန်နှင့် သီးနှံစိုက်ပျိုးစွမ်းအား တိုးတက်မြင့်မားစေရန် ရည်ရွယ်ကာ ချည်မျှင်ရှည်ဝါသီးနှံ ၅၈၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ ဝါသီးနှံစိုက်ခင်းများကို ဒေသခံတောင်သူများက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်သိမ်းဆည်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် သိမ်းဆည်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ချည်မျှင်ရှည်ဝါသီးနှံ ၅၈၁၄ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဝါသီးနှံ စိုက်ခင်းများကို ဒေသခံတောင်သူတွေက

*စာမျက်နှာ ၄ ကော်လံ ၃* ❍

**၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ပထဝီဝင် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများပါရှိ**

၂၀၂၅ ခုနှစ် မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင် စာမေးပွဲအတွက် စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ စာမျက်နှာ ၁၅၊ ၁၆ တွင် ဖော်ပြပါရှိပါသည်။


**ယနေ့ ဖတ် စ ရာ**

**မြစ်ရေထာဝစဉ်ရှင်သန်ဖို့ အနိမ့်တမံရေအားလျှပ်စစ် စီမံကိန်းများဖြင့် ထိန်းသိမ်းစို့**



ဆောင်းပါး စာ ၆

**လျောင်ဒဏ်သင့် ဂျပန်နိုင်ငံ အီရှီကာဝါခရိုင်၌ အိမ်ရာများ ပြန်လည်တည်ဆောက်ရာတွင် လုပ်သားရှားပါးမှုကြောင့် အခက်တွေ့နေ**

နိုင်ငံတကာသတင်း စာ ၁၄


**၂၀၂၅ ခုနှစ် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုပါ၏။**

❖ *ရှေ့ဖုံးမှ*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် **"တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်"** ဆိုသည့် ရှေ့လုပ်ငန်းစဉ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ရေး၊ MSME စက်မှုလုပ်ငန်းများကို အားပေးကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး၊ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိအောင် ဆောင်ရွက်ပြီး ပြည်တွင်းဖူလုံမှုမှသည် ပြည်ပတင်ပို့နိုင်ရေးစသည့် စီးပွားရေးဦးတည်ချက် (၃)ရပ်ကို ချမှတ်ပြီး ရေတို၊ ရေရှည်စီမံကိန်းများ ရေးဆွဲ၍ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။

တောင်သူလယ်သမားကြီးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ သီးနှံများအထွက်တိုးရေးပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် သီးနှံများကို ပန်းတိုင်အထွက်နှုန်းများ ရရှိရေး အလေးပေးဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲသုံးစွဲရေး၊ မြေစနစ်တကျပြုပြင်ခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ အချိန်ကိုက် အချိုးကျ စနစ်တကျသုံးစွဲ၍ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး၊ စိုက်ပျိုးရေ အောင်ရေ ရရှိရေးနှင့် စိုက်နည်းစနစ်မှန်ကန်ရေးစသည့် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသော နည်းလမ်း (၄)သွယ် ပြည့်စုံကောင်းမွန်ရေးတို့ကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ သီးနှံများ ပိုမိုထွက်ရှိရေးနှင့် သီးထပ်စွမ်းအား မြင့်မားစေရေးအတွက် တစ်သီးစိုက်လယ်မြေများကို နှစ်သီးစိုက်၊ သုံးသီးစိုက်စသည့် သီးထပ်စိုက်ပျိုးနိုင်ရေး ဒေသအလိုက်၊ ရာသီအလိုက် သီးနှံပုံစံများ ချမှတ်ဆောင်ရွက်စေလျက်ရှိပါသည်။

လက်ရှိစိုက်ပျိုးနေသော စိုက်ပျိုးမြေများတွင် စိုက်ပျိုးသည့် သီးနှံအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးစားဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအား နှစ်ဆမှ သုံးဆအထိ ရရှိအောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ဝင်ငွေတိုးစေနိုင်သလို နိုင်ငံတော်အတွက်လည်း စီးပွားဖွံ့ဖြိုးတိုးတက်စေပြီး "မြေကြီးက ရွှေသီးသည်" ဟု ဆိုရမည်ဖြစ်ပါသည်။

တောင်သူဦးကြီးများအတွက် မျိုးကောင်းမျိုးသန့်များ အလွယ်တကူ ရရှိစိုက်ပျိုးနိုင်စေရန် မျိုးစေ့ထုတ်လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးခြင်း၊ မျိုးစေ့ထုတ် အထူးဇုန်များ ဖော်ထုတ်ဆောင်ရွက်ပေးခြင်းတို့အပြင် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များနှင့် အထွက်တိုးရေးဆိုင်ရာ သုတေသနများကို လေ့လာနိုင်ရန် မျိုးစေ့ပြပွဲများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုတွင် အဓိကကျသည့် မြေဆီလွှာများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ တွဲဖက်အသုံးပြုခြင်း၊ မြေဖုံးပင်များ စိုက်ပျိုးခြင်း၊ လေကာပင် စိုက်ပျိုးခြင်း၊ သီးလှည့်စိုက်ပျိုးခြင်း၊ ကုန်းမြင့်တောင်စောင်းဒေသများတွင် လှေကားထစ်စိုက်ပျိုးခြင်း၊ ကွန်တိုစနစ်ဖြင့် စိုက်ပျိုးခြင်း၊ သီးနှံသစ်တော ရောနှောစိုက်ပျိုးခြင်းစသည့် စိုက်ပျိုးနည်းစနစ်များ သုံးကြရန် လိုအပ်ပါသည်။ ထို့အပြင် မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲခြင်း၊ နွားချေး၊ ကြက်ချေးများအပြင် EM ဘိုကာရှီ မြေဆွေးများ၊ ငါးအမိုင်နိုအက်ဆစ်များ အသုံးပြုခြင်း၊ ပိုက်ဆံလျှော်ကဲ့သို့သော သစ်စိမ်းမြေဩဇာများ စိုက်ပျိုး၍ ထယ်ထိုးမြေမြှုပ်ခြင်း စသည့်လုပ်ငန်းများကိုလည်း အားပေးဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ပေးသည်သာမက အရည်အသွေးကောင်းပြီး ဈေးနှုန်းမှန်ကန်သည့် သွင်းအားစုများကို တောင်သူများ သုံးစွဲနိုင်ရေးအတွက်လည်း မြေဩဇာ၊ မျိုးစေ့၊ ပိုးသတ်ဆေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများဖြင့် ထိန်းကျောင်း၍ အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်လည်း သွင်းအားစုကုမ္ပဏီများနှင့် ချိတ်ဆက်ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးသီးနှံများ အောင်မြင်ဖြစ်ထွန်းရန်နှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဆည်ရေပေးဝေမှုလုပ်ငန်းသည် လွန်စွာအရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဆည်မြောင်းစီမံကိန်းများကို အလေးထားရင်းနှီးမြှုပ်နှံပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံအနှံ့အပြားတွင် ရေလှောင်တမံ (၂၄၆)ခု၊ ရေလွှဲဆည် (၁၄၄)ခု၊ ကန် (၇၂)ခု၊ ရေတံခါး (၁၉၉)ခု၊ ရေတင်လုပ်ငန်း (၂၁၉)ခု စုစုပေါင်း (၈၈၀)ခုတို့အား ဆောင်ရွက်ထားရှိပြီး လက်ရှိတွင် စိုက်ပျိုးသီးနှံဧက (၃၁)သိန်းကျော်အား အကျိုးပြုလျက်ရှိပါသည်။ ထို့ပြင် စိုက်ပျိုးရေရရှိမှု ခက်ခဲသည့် ဒေသများတွင် မြေအောက်ရေ အရင်းအမြစ်များကို အသုံးပြုရန်အတွက် စက်ရေတွင်း (၂၅၇၆၉)ခုကို တူးဖော်ထားရှိပေးထားပြီး မြေအောက်ရေလှောင်တမံများကို တည်ဆောက်ပေးလျက်ရှိပါသည်။ ယာယီချောင်းပိတ်တမံများတွင် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေပေးဝေခြင်း၊ ရေကြီးနစ်မြုပ်မှုနှင့် ပင်လယ်ရေငန် ဝင်ရောက်မှုမှ ကာကွယ်နိုင်ရန်အတွက် ရေဘေးကာကွယ်ရေးတာများ၊ ရေငန်တားတာများ တည်ဆောက်ခြင်းနှင့် ချောင်းကော၊ မြောင်းကောများ၊ ချောင်းရိုးများနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးအသိပညာ ဖြန့်ဖြူးမှုကို နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာတွင် သုတေသနတွေ့ရှိချက်များ၊ ခေတ်မီနည်းပညာများ၊ မျိုးကောင်း၊ မျိုးသန့်နှင့် နည်းစနစ်ကောင်းများကို တောင်သူကြီးများ ယုံကြည်လက်ခံ ကျင့်သုံးလာစေရန် စိုက်ပျိုးပညာပေးလုပ်ငန်းများကို နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။ **"တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း"** မှ ထုတ်လွှင့်ပေးခြင်း၊ မြဝတီရုပ်မြင်သံကြားမှ **"စိုက်ပျိုးသုတ"** အစီအစဉ်ဖြင့် ထုတ်လွှင့်ပေးခြင်း၊ မြန်မာ့အသံရေဒီယိုလိုင်းမှ **"သုတပဒေသာ စိုက်ပျိုးနည်းပညာ အစီအစဉ်"** ဖြင့် ထုတ်လွှင့်ပေးခြင်း၊ တိုင်းရင်းသား ဘာသာစကားဖြင့် ထုတ်လွှင့်ပေးခြင်းတို့အပြင် ဒို့ကျေးရွာဂျာနယ် ကဲ့သို့သော ဂျာနယ်များ၊ စာစောင်များဖြင့်လည်း အသိပညာဖြန့်ဝေလျက်ရှိပါသည်။ အင်တာနက်ကို အသုံးပြု၍ စိုက်ပျိုးရေးဆိုင်ရာနည်းပညာနှင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ရရှိနိုင်ရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိခြင်းကြောင့် တောင်သူလယ်သမား ဦးကြီးများအနေဖြင့် မိမိတို့ သိလိုသည့် နည်းစနစ်များကို အလွယ်တကူ လေ့လာသိရှိနိုင်ပြီ ဖြစ်ပါသည်။

> ◆ **လက်ရှိစိုက်ပျိုးနေသော စိုက်ပျိုးမြေများတွင် စိုက်ပျိုးသည့် သီးနှံအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ကြိုးစားဆောင်ရွက်ခြင်း၊ သီးထပ်စွမ်းအား နှစ်ဆမှ သုံးဆအထိ ရရှိအောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် တောင်သူများအနေဖြင့် ဝင်ငွေတိုးစေနိုင်သလို နိုင်ငံတော်အတွက်လည်း စီးပွားဖွံ့ဖြိုးတိုးတက်စေပြီး "မြေကြီးက ရွှေသီးသည်" ဟု ဆိုရမည်ဖြစ်**

ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သောစားသုံးဆီများ ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေးအတွက် ဆီထွက်သီးနှံများဖြစ်သော မြေပဲ၊ နှမ်း၊ နေကြာစသည့်သီးနှံများကို စီမံကိန်းလျာထားသည့်အတိုင်း စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်း ရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန် အလေးထား တိုက်တွန်းမှာကြားလိုပါသည်။

မိမိတို့နိုင်ငံ၏ ဝါသီးနှံ စိုက်ပျိုးမှုမှထွက်ရှိသော ဝါဂွမ်းကုန်ကြမ်းများသည် ပြည်တွင်းသုံးစွဲရန် လုံလောက်မှုရှိသော်လည်း ချည်များကို ပြည်ပမှတင်သွင်းနေရဆဲ ဖြစ်ပါသည်။ ပြည်ပမှ ချည်နှင့် ချည်ထွက်ပစ္စည်းများ၊ အဝတ်အထည်များ တင်သွင်းမှု လျှော့ချနိုင်ရန်နှင့် ပြည်တွင်း လိုအပ်ချက်ကို အရည်အသွေးမီ ထုတ်လုပ်ဖြည့်ဆည်းနိုင်ရန်အတွက် ဝါသီးနှံ အထူးဇုန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ တစ်ဧက အထွက်နှုန်း ပိဿာ(၇၀၀) ထွက်ရှိရေးနှင့် အရည်အသွေးကောင်း ဝါနှင့်ဂွမ်းများ ရရှိရေးတို့ကို အဓိကရည်မှန်း ဆောင်ရွက်လျက်ရှိပါသည်။ ထွက်ရှိလာသည့် အရည်အသွေးကောင်း ဝါနှင့် ဂွမ်းတို့ကို အသုံးပြုပြီး အဆင့်မီသည့် ချည်ထည်များ ထုတ်လုပ်နိုင်ရန်အတွက် ဝါအခြေခံစက်မှုလုပ်ငန်းများဖြစ်သည့် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်ရုံများကို အဆင့်မြှင့်တင်ပေးပြီး ဝါကို အခြေခံသည့် စက်မှုလုပ်ငန်း၊ MSME လုပ်ငန်းများ တိုးတက်စေရေးကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်တွင်းအဝတ်အထည် လိုအပ်ချက်ကို ပြည်တွင်းထွက် ဝါများဖြင့် လုံလောက်စွာ ထုတ်လုပ်ပြီး ပြည်သူများအနေဖြင့်လည်း ပြည်တွင်းဖြစ် အဝတ်အထည်များကို အလေးထားအသုံးပြုကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ပုဂ္ဂလိကကဏ္ဍအနေဖြင့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် ဆန်၊ ဂျုံ၊ ပြောင်း၊ ဆီထွက်သီးနှံမျိုးစုံ၊ ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စသည်တို့ကို ကုန်ချောပြုပြင် ထုတ်လုပ်သည့် စားသောက်ကုန်လုပ်ငန်းများနှင့် ကော်ဖီ၊ ရော်ဘာ၊ ဝါ၊ ကြံ၊ ဆေးရွက်ကြီး၊ ဂုန်လျှော် စသည်တို့ကို ကုန်ချောထုတ်လုပ်သည့် စက်မှုကုန်ကြမ်းသီးနှံလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းရှင်များက ဆောင်ရွက်ပေးခြင်းဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်လာနိုင်ပြီး သီးနှံများဈေးကွက်တွင် အဆင့်မီစွာ ထုတ်လုပ်ရောင်းချနိုင်၍ တောင်သူများဝင်ငွေတိုးကာ လူနေမှုဘဝတိုးတက်မြင့်မားလာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အထောက်အကူပြုရန် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (၁၅)ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာတွင် အလယ်အလတ်အဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် အခြေခံပညာအထက်တန်းကျောင်းများတွင် တွဲဖက်၍ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အတတ်ပညာသင် အထက်တန်းကျောင်းများကို ၂၀၂၃–၂၀၂၄ ပညာသင်နှစ်မှစ၍ ဖွင့်လှစ်ပေးခဲ့ရာ လက်ရှိတွင် စုစုပေါင်း (၈၅)ကျောင်းထိ ဖွင့်လှစ်ထားပြီးဖြစ်ပါသည်။

**တောင်သူလယ်သမား ဦးကြီးများ ခင်ဗျာ**

စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးလုပ်ငန်းများပါ ဆက်စပ်လုပ်ကိုင်လျက်ရှိသောကြောင့် မွေးမြူရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း မြှင့်တင်ကြရန် မှာကြားလိုပါသည်။ ပြည်သူများ အာဟာရပြည့်ဝစေရေးအတွက် အသားဓာတ်ရရှိနိုင်သည့် သား၊ ငါး၊ နို့၊ ကြက်ဥ၊ ဘဲဥနှင့် ငုံးဥများထုတ်လုပ်ရေးနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးပါသည်။ နိုင်ငံတော်အနေဖြင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန် နို့စားနွား၊ အသားတိုးနွားများ တိုးချဲ့မွေးမြူခြင်း၊ ထုတ်လုပ်မှုမြင့်မားသည့် မျိုးကောင်းမျိုးသန့်များ ပေါ်ထွန်းလာရေး ဆောင်ရွက်ခြင်း၊ မွေးမြူရေးဇုန်များ ဖော်ဆောင်ပြီး နွား၊ ဝက်၊ ကြက်၊ ဘဲ၊ သိုး၊ ဆိတ်များ မွေးမြူထုတ်လုပ်ခြင်းနှင့် အရည်အသွေးပြည့်မီသည့် နို့နှင့် နို့ထွက်ပစ္စည်းများ ထုတ်လုပ်နိုင်ရေး ပံ့ပိုးကူညီခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေး တွဲဖက်ဆောင်ရွက်ခြင်းအားဖြင့် ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် မြစိမ်းရောင်(အသားကဏ္ဍ) ကျေးရွာများ ထူထောင်ပြီး အောင်မြင်မှုရရှိရေးကိုလည်း မှာကြားလိုပါသည်။ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိ၍ ထုတ်လုပ်မှုကောင်းသည့် နွားမျိုးကောင်းမျိုးသန့် တိရစ္ဆာန်များကို တောင်သူများထံသို့ ဖြန့်ဖြူးခြင်း၊ သဘာဝဘေးဒဏ်သင့်ဒေသများသို့ တိရစ္ဆာန်အစာနှင့် ဆေးဝါးများ ထောက်ပံ့ပေးခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ရောဂါဖြစ်ပွားမှုများအား ထိန်းချုပ်ခြင်းနှင့် ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရောဂါစူးစမ်းလေ့လာခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် မွေးမြူသူများ၏ အရင်းအနှီး လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ငွေများ ထုတ်ပေးပံ့ပိုးလျက်ရှိပါသည်။ စိုက်ပျိုးမွေးမြူရေး မြစိမ်းရောင်စီမံကိန်းဖြင့် အသားတိုး ကြက်၊ ဥစားဘဲ၊ အသားတိုးဝက် မွေးမြူရေး စီမံကိန်းလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည့်အပြင် နို့စားနွား၊ အသားတိုးနွား၊ ဥစားကြက်၊ သိုး၊ ဆိတ်မွေးမြူရေး စီမံကိန်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ငါးကဏ္ဍအနေဖြင့် ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် ငါး၊ ပုစွန် ဖမ်းဆီး၊ မွေးမြူခြင်းမှ မက်ထရစ်တန်ချိန် (၆၃၂၀၀၇၀) ထုတ်လုပ်နိုင်ခဲ့ပါသည်။ ရေထွက်ကုန်ပစ္စည်း (၃၂၂) မျိုးခန့်ပါဝင်သည့် မက်ထရစ်တန်ချိန် (၅၂၂၅၇၀)ကို ပြည်ပနိုင်ငံပေါင်း (၄၀) သို့ တင်ပို့နိုင်ခဲ့ပြီး အများစုမှာ ပြည်တွင်းငါးရိက္ခာ လိုအပ်ချက်ကို အဓိကဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ကျေးလက်နေပြည်သူများ၊ ငါးမွေးတောင်သူများအား ပုံမှန်ဝင်ငွေရရှိရေးအတွက် အခြေခံငါးမွေးမြူရေးနည်းပညာများ သိရှိနားလည်စေရန် ငါးဆေးထိုး သားဖောက်ခြင်းနှင့် ငါးမွေးမြူနည်းပညာများအား သိရှိနားလည်ရန်ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။ မိသားစုတစ်ပိုင်တစ်နိုင်ကန်များတွင် ငါးမွေးမြူခြင်းနှင့် ကန်ပေါင်တွင် စိုက်ပျိုးခြင်း၊ မွေးမြူမည့် ငါး၊ ပုစွန်သားပေါက်များ ရောဂါကင်းရှင်း ကျန်းမာစေရန် စစ်ဆေးပေးခြင်း၊ ရောဂါထိန်းချုပ်ရေးလုပ်ငန်း ဝန်ဆောင်မှုပေးခြင်းနှင့် ရေထွက်ကုန်များ ပြည်ပသို့ တင်ပို့နိုင်ရန် ရောဂါကင်းရှင်းကြောင်း ထောက်ခံချက် (Health Certificate) ထုတ်ပေးလျက်ရှိပါသည်။

**တောင်သူလယ်သမား ဦးကြီးများ ခင်ဗျာ**

နိုင်ငံတော်က တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ရှေးရှု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ကဏ္ဍာပေါင်းစုံမှ တောင်သူလယ်သမားဦးကြီးများ၏ လယ်ယာလုပ်ငန်းများအား ထိရောက်စွာအကျိုးပြုနိုင်မည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်၍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

နိဂုံးချုပ်အနေဖြင့် လယ်ယာထွက်ကုန်နှင့် တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများကို ပြည်တွင်းဖူလုံမှုသာမက ပြည်ပသို့ တင်ပို့နိုင်ရန်အတွက် အရှိန်အဟုန်မပျက် ထုတ်လုပ်နိုင်သည်အထိ အမျိုးမျိုးသော အခက်အခဲများကြားမှ လုံ့လဝီရိယဖြင့် စွမ်းအားပြည့် ဆောင်ရွက်ပေးခဲ့ကြပါသော တောင်သူလယ်သမားဦးကြီးများကို အစဉ်အမြဲ ကျေးဇူးတင်ဂုဏ်ပြုအပ်ပါသည်။ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူလယ်သမားဦးကြီးများ၏ ကာယ၊ ဉာဏ၊ လုံ့လဝီရိယ၊ ခေတ်မီနည်းပညာ၊ မြေ၊ ရေ စသည့် အရင်းအမြစ်များ အားလုံးကိုပေါင်းစပ်၍ မျှော်မှန်းထားရှိသည့် ရလဒ်များရရှိနိုင်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။

မိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် လျှပ်စစ်မီးဖွင့်ပွဲနှင့် မြစ်ရေတင်စီမံကိန်းဖွင့်ပွဲအခမ်းအနားတက်ရောက်

**ပုသိမ် မတ် ၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု ငါးတဲစုကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲနှင့် ကညင်ငူကျေးရွာ မြစ်ရေတင်စီမံကိန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။




ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် ငါးတဲစုကျေးရွာတွင် (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပပြုလုပ်သည့် လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အခမ်းအနားကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဖွင့်ပွဲဆိုင်းဘုတ်ကို ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဖွင့်ပွဲဆိုင်းဘုတ်ကို အမွှေးနံ့သာများ ပက်ဖျန်း၍ ကျေးရွာအတွင်းရှိ နေအိမ်များတွင် တပ်ဆင်ထားသော လျှပ်စစ်မီတာများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

နွားရေတိုက်ကျေးရွာအုပ်စု ငါးတဲစုကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၂၄-၂၀၂၅ တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေ ကျပ်သန်း ၁၁၄ ဒသမ ၇၇၀ ဖြင့် ၁၁ ကေဗွီဓာတ်အားလိုင်း ၁မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တည်ဆောက်ခဲ့ပြီးဖြစ်၍ ကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၁၇၈ စု အတွက် လျှပ်စစ်မီတာ ၄၅ လုံး တပ်ဆင်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် ကညင်ငူကျေးရွာတွင် ကျင်းပသည့် မြစ်ရေတင်စီမံကိန်းဖွင့်ပွဲသို့ တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က အဖွင့်အမှာစကားပြောကြား၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် လျှပ်စစ်မြစ်ရေတင် စီမံကိန်းဖြင့် နွေစပါးစံပြကွက်အား ကောက်စိုက်လုံမေများ၊ လက်ဆွဲကောက်စိုက်စက်၊ လက်ဆွဲကောက်စိုက်စက်(စက်ပါ) အစေ့ချစက်များဖြင့် ရက် ၉၀ မျိုးစပါး၊ ရေဆင်းပေါ်ဆန်း-၁၊ ရေဆင်းပေါ်ဆန်း-၂၊ ရွှေနံ့သာပေါ်ဆန်း - ၂၊ အောင်နိုင်တိုး မျိုးစပါးများစိုက်ပျိုးမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ရေကြည်မြို့နယ် ကျွန်းဒေါင့်ကျေးရွာ တောင်သူ ဦးမြင့်စိုး၏ ဆောင်းမြေပဲ စံပြစိုက်ကွက် ၁၀ ဧက ရိတ်သိမ်းမှုကိုလည်းကောင်း၊ ဖူးရတနာမြေပဲခွဲစက်နှင့် မြေပဲဆီသန့်ကြိတ်စက်ကိုလည်းကောင်း ကြည့်ရှုအားပေးပြီး အရည်အသွေး ကောင်းမွန်စေသည့် မြေပဲဆီများ ကြိတ်ခွဲထုတ်လုပ်နိုင်ရေး၊ ကျန်းမာရေးနှင့် ညီညွတ်စေရေးနှင့် လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နှောကုန်းကျေးရွာ ရွှေစေတီ ဘုန်းတော်ကြီးကျောင်းသို့ သွား၍ ဆရာတော်များအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာကိစ္စများ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စများကို လျှောက်ထားတင်ပြပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာ၌ (၆၃)နှစ်မြောက်တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် သန်လျက်စွန်းကျေးရွာရှိ တောင်သူ ဦးမြင့်စိုးနှင့် တောင်သူဦးဝင်းထိုက်၏ စိုက်ဧက ၂၀ တွင် (Super sun-41 ) နေကြာစိုက်ပျိုးဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေး၍ ပန်းတိုင်အထွက်နှုန်းရရှိနိုင်မှု အခြေအနေများ ဆွေးနွေးမေးမြန်းကာ အောင်မြင်အောင် ဆောင်ရွက်စေရေး၊ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိဆောင်ရွက်ရန် တို့ကို မှာကြားသည်။ **သတင်းစဉ်**



## ပဲခူး၌ ရေထုနှင့်အဏ္ဏဝါသန့်စင်လာရေး စုပေါင်းအမှိုက်ကောက်

**ပဲခူး မတ် ၁**

ပဲခူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးဆောင်၍ “ရေထုနှင့် အဏ္ဏဝါသန့်စင်လာရေး”စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုကို ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးမြို့ ဇိုင်းဂနိုင်းတောင်ပိုင်းရပ်ကွက်ရှိ ပဲခူးမြစ်ကမ်းဘေးတစ်လျှောက်၌ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှုကို ပဲခူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးနေသူအောင်ဦးဆောင်၍ ပဲခူးခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ “ရေထုနှင့် အဏ္ဏဝါသန့်စင်လာရေး” စုပေါင်းအမှိုက်ကောက်လှုပ်ရှားမှု ခေါင်းစဉ်ဖြင့် ပဲခူးမြို့ ဇိုင်းတောင်ရပ်ကွက် ပဲခူးမြစ်ကမ်းဘေးတစ်လျှောက် စုပေါင်းအမှိုက်ကောက်ခြင်းလှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

## စဉ့်ကိုင်၌ နွေစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများအား သွင်းအားစုပေးအပ်

**စဉ့်ကိုင် မတ် ၁**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်၌ မြို့နယ်သမဝါယမဦးစီးဌာနမှ နွေစပါးစိုက်ပျိုးမည့် သမဝါယမအသင်းသား တောင်သူများအားတိုင်းဒေသကြီးသမဝါယမ အသင်းစုချုပ်ပိုင် ငွေများဖြင့် သွင်းအားစုပေးအပ်ပွဲကို ယမန်နေ့ နံနက်က မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဌေးက နွေစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများအား ပန်းတိုင်အထွက်နှုန်းရရှိစေရန် မျိုးကောင်းမျိုးသန့်များ အချိန်မီ စိုက်ပျိုးသွားရေးနှင့် တစ်ဧကအထွက်နှုန်းတိုးပြီး ဝင်ငွေတိုးတက်ရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းများကိုဟန်ချက်ညီညီဆောင်ရွက်သွားရန် ပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူက သွင်းအားစုများပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ အသင်းသား တောင်သူ ၁၁၁ ဦးအား နွေစပါး စိုက်ပျိုးဧက ၃၅၀ စိုက်ပျိုးနိုင်ရန်အတွက် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းဖြင့် ညီမျှသော သွင်းအားစုများကို တောင်သူများ လက်ဝယ်အရောက် ထုတ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

*❍ ရှေ့ဖုံးမှ*

အထွက်နှုန်း လျော့နည်းမှု မဖြစ်စေရေးအတွက် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှာ စတင်သိမ်းဆည်းခဲ့ပြီး ဖေဖော်ဝါရီလတွင် ရာနှုန်းပြည့် သိမ်းဆည်းပြီးစီးပြီ ဖြစ်ပါတယ်။ ဝါသီးနှံသိမ်းဆည်းခြင်းနဲ့ ပတ်သက်ပြီး တောင်သူတွေကို အချိန်မီ ရိတ်သိမ်းနည်းပညာနဲ့ သိမ်းဆည်းပြီးတဲ့ ဝါသီးနှံတွေ အရည်အသွေး ကောင်းမွန်အောင် စနစ်တကျ ထားသိုထိန်းသိမ်းတတ်စေဖို့ အသိပညာပေးတာတွေ ကွင်းဆင်းဆောင်ရွက်ပေးပါတယ်။ ချည်မျှင်ရှည်ဝါသီးနှံက ဈေးကွက်ရှိတာကြောင့် ဒေသခံတောင်သူတွေက မိုးဦးနဲ့မိုးနှောင်းမှာ အားထားစိုက်ပျိုးကြပါတယ်။ အခုနှစ်မှာ ဝါသီးနှံစိုက်ခင်းတွေက ပိုးမွှားအန္တရာယ်ကင်းပြီး အောင်မြင်ဖြစ်ထွန်းမှုရှိကာ အရင်နှစ်ကထက် အထွက်နှုန်းတွေ ကောင်းမွန်ခဲ့ပါတယ်။ တစ်ဧကကို ၅၃၁ ပိဿာ ထွက်ရှိပါတယ်”ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးတောင်သူများကို သီးနှံဝင်ငွေတိုးပွားစေရန်နှင့် အရည်အသွေးကောင်းသော ဝါသီးနှံများ ထွက်ရှိစေရန် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး ၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ သီးနှံပိုးမွှားရောဂါကင်းရှင်းရေး ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ စသည့်တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

# မြန်မာ–တရုတ် နှစ်နိုင်ငံ သံတမန် ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ် တရုတ်နိုင်ငံက ပြန်ကြားရေးဝန်ကြီးဌာနသို့ "သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကား လွှဲပြောင်းပေးအပ်



**ရန်ကုန် မတ် ၁**

မြန်မာ–တရုတ်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ် တရုတ်နိုင်ငံက ပြန်ကြားရေးဝန်ကြီးဌာနသို့ "သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကား လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို(အေ)တွင် ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာတရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီး Dr.Zheng Zhihong နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

**ယဉ်ကျေးမှုအချင်းချင်းပေါင်းစပ်**

ဦးစွာ အခမ်းအနားမှူးက "သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကား အကျဉ်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် ရုပ်ရှင်အနုပညာသည် အနုပညာနယ်ပယ် အရပ်ရပ်အနက် လွှမ်းမိုးဆော်နိုင်မှုစွမ်းပကားကြီးမားပြီး သြဇာအာဏာသက်ရောက်မှုရှိသကဲ့သို့ လူ့အသိုင်းအဝိုင်း နယ်ပယ်အတွင်း ထိုးထွင်းဝင်ရောက်နိုင်စွမ်းရှိပါကြောင်း၊ ရုပ်ရှင်တွင် ဖော်ကျူးထားသည့် အနုပညာလက်ရာများကလည်း နိုင်ငံအချင်းချင်း၊ ပြည်သူအချင်းချင်း၊ ယဉ်ကျေးမှုအချင်းချင်း နှီးနှောပေါင်းစပ်ပေးနေသည့် အနုပညာသုခုမပညာရပ်ပင် ဖြစ်ပါကြောင်း။

နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း ဆက်ဆံရာတွင် အချို့က ဘာသာစကားနားမလည်သည့်တိုင် ရုပ်ရှင်တွင် ရိုက်ကူးဖော်ပြချက်များကြောင့် လူသားအချင်းချင်း၊ နှလုံးသားချင်း နားလည်မှုရရှိပြီး ပိုမိုရင်းနှီးလာစေပါကြောင်း၊ ယခုကဲ့သို့ ရုပ်ရှင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ခြင်းမှသည် နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်သည့်အစဉ်အလာကို ထိန်းသိမ်းပြီး တရုတ်–မြန်မာ ချစ်ကြည်ရင်းနှီးမှုလည်း ပိုမိုခိုင်မြဲပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ သံမှူးကြီးက "သူချစ်" ရုပ်ရှင်ဇာတ်ကား Hard Disk နှစ်စုံအား ပေးအပ်သည်။**(အပေါ်ပုံ)**

ဆက်လက်၍ သံမှူးကြီးက "သူချစ်" ရုပ်ရှင်ဇာတ်ကားအား လွှဲပြောင်းပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ သံမှူးကြီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် "သူချစ်" ရုပ်ရှင်ဇာတ်ကားပြသမှုကို ကြည့်ရှုအားပေးကြသည်။

**တရုတ်ဘာသာစကားအသံသွင်းပြသ**

ယခုပေးအပ်သည့် "သူချစ်" ရုပ်ရှင်ဇာတ်ကားကို ၁၉၅၁ ခုနှစ်တွင် ဗြိတိသျှဘားမားရုပ်ရှင်က ထုတ်လုပ်ခဲ့ပြီး ဒါရိုက်တာ ဦးချန်ထွန်း ရိုက်ကူးခဲ့ကာ အောဝမ်းညွှန့်မောင်၊ မေမြင့်တို့ ပါဝင်သရုပ်ဆောင်ထားသည်။ ဒါရိုက်တာ ဦးချန်ထွန်း ရိုက်ကူးသော ရုပ်ရှင်ဇာတ်ကားများအနက် သူဇာနှင့်သူချစ် ရုပ်ရှင်ကားများမှာ ထူးချွန်ပြောင်မြောက်ခဲ့ပြီး ဂုဏ်ဇာတ်ကားသည်လည်း အောင်မြင်ကျော်ကြား လူကြိုက်များခဲ့သည်။ "သူချစ်" ရုပ်ရှင်ဇာတ်ကားသည် ထိုခေတ်က အောင်မြင်သော တောင်သူလယ်သမားတို့ဘဝ သရုပ်ဖော်ထားသော ရည်ရွယ်ချက်ကောင်းသည့် မြန်မာဇာတ်ကားတစ်ကား ဖြစ်သည်။ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကြသည့် သရုပ်ဆောင်များသည် ဇာတ်လမ်းနှင့်ကိုက်ညီသည့် ဇာတ်ဆောင်များကို ရွေးချယ်ထားသည့်အတွက် ထိုအချိန်က မြန်မာရုပ်ရှင်ဇာတ်ကားများကို တရုတ်နိုင်ငံအပါအဝင် ကြိုက်နှစ်သက်ကြသည့် နိုင်ငံများက ဝယ်ယူလေ့ရှိသည်။ ၁၉၅၅ ခုနှစ်တွင် "သူချစ်" ရုပ်ရှင်ဇာတ်ကားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံက စတာလင်ပေါင် ၂၅၀၀ ဖြင့် ဝယ်ယူပြသခဲ့ပြီး ၁၉၅၇ ခုနှစ် တရုတ်နိုင်ငံ ပီကင်းမြို့၌ ကျင်းပသည့် အာရှရုပ်ရှင်ပွဲတော်တွင် တရုတ်ဘာသာစကားအသံသွင်းပြီး ပြသခဲ့ရာ နိုင်ငံတကာမှ လေးစားချီးကျူးမှုများ ရရှိခဲ့သည်ဟု သိရသည်။

"သူချစ်" မြန်မာရုပ်ရှင်ဇာတ်ကားကို တရုတ်နိုင်ငံက ယခုအခါ ခေတ်နှင့်အညီ အရုပ်၊ အသံ အရည်အသွေးမြင့်မားသည့် Digital Format အဖြစ်သို့ ပြောင်းလဲနိုင်ခဲ့ပြီး မြန်မာ – တရုတ် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာနသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Channel များတွင် အခါအားလျော်စွာ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြင်ဆင်ထိန်းသိမ်းထားရှိ**

နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်နှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်းတို့နှင့်အတူ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ဗိုလ်ချုပ်လမ်းရှိ ဝဇီရာရုပ်ရှင်ရုံ ပြင်ဆင်ထိန်းသိမ်းထားရှိမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝဇီရာရုပ်ရှင်ရုံကို မြန်မာနိုင်ငံ၏ ဂုဏ်ပြုခံရုပ်ရှင်ရုံ (Red Carpet Cinema) အဖြစ် ထားရှိဆောင်ရွက်ရန် လိုအပ်သည်များ ပြုပြင်မွမ်းမံဆောင်ရွက်လျက်ရှိသည်။ ဝဇီရာရုပ်ရှင်ရုံ၏ တည်နေရာသည် ဆူးလေစေတီတော်အနီး ရန်ကုန်မြို့၏ အချက်အချာကျသည့် နေရာတွင် တည်ရှိနေသဖြင့် ရုပ်ရှင်လုပ်ငန်းများကိုသာမက အနုပညာနှင့်ဆက်စပ်သည့် အခြားလုပ်ငန်းများ အားလုံးကိုလည်း ဆောင်ရွက်နိုင်သည့် အကောင်းဆုံးနေရာတစ်ခုဖြစ်သည်။ ထို့ပြင် ရန်ကုန်မြို့သို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွားများအား မိမိတို့တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှု အနုပညာများ၊ မြန်မာတို့၏ ယဉ်ကျေးမှု အကအလှပသာဒများဖြင့် ဖျော်ဖြေတင်ဆက်၍ မိမိတို့၏ ယဉ်ကျေးမှုတန်ဖိုးများ မြင့်မားပြန့်ပွားအောင် လုပ်ဆောင်နိုင်သည့် အနေအထားရှိသည်။

**အမည်များ ပြောင်းလဲခဲ့**

ဝဇီရာရုပ်ရှင်ရုံအား ၁၉၂၄ ခုနှစ်ခန့်တွင် တည်ဆောက်ခဲ့သည်ဟု ယူဆရပြီး ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်၌ တည်ရှိကာ ၁၆ ရာစုမှ ၁၈ ရာစု အတွင်းရှိ ပြင်သစ်ဗိသုကာ အသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာပုံစံဖြစ်ပြီး ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင်ထားသည်။ မူလအမည်မှာ New Excelsior ရုံဖြစ်ပြီး ၁၉၄၂ ခုနှစ်ခန့်တွင် အောဝမ်းရုပ်ရှင်ရုံအဖြစ်လည်းကောင်း၊ ၁၉၆၈ ခုနှစ်တွင် ဝဇီရာရုပ်ရှင်ရုံအဖြစ်လည်းကောင်း အမည်များပြောင်းလဲခဲ့ကြောင်း သိရသည်။

ဝဇီရာရုပ်ရှင်ရုံကြီးကို ပြင်ဆင်ထိန်းသိမ်းပြီးပါက ဂုဏ်ပြုခံရုပ်ရှင်ရုံအဖြစ်သာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာတစ်ခုအဖြစ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်နှင့်ပတ်သက်သည့် အမှတ်တရပွဲများ၊ Memory Film Festival ကဲ့သို့ပွဲတော်များ ကျင်းပခြင်း၊ ပြည်ပခရီးသွားဧည့်သည်များ ရှေးဟောင်းအမွေအနှစ်ပြတိုက်တစ်ခုအဖြစ် လည်ပတ်ရန် နေရာတစ်ခုအဖြစ် ဖန်တီးခြင်း၊ စနေ၊ တနင်္ဂနွေနေ့များတွင် ရှေးဟောင်းဇာတ်ကားများပြသခြင်း၊ ရုပ်သေးပွဲများပြသခြင်း၊ ရုပ်ရှင်နှင့်ပတ်သက်သည့် ပြခန်းများပြသခြင်းတို့ကိုပါ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြစ်ရေထာဝစဉ်ရှင်သန်ဖို့ အနိမ့်တမံ ရေအားလျှပ်စစ်စီမံကိန်းများဖြင့် ထိန်းသိမ်းစို့

မြမျိုး

**ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ အသက်သွေးကြောမြစ်ကြီး လေးစင်းအနက် အရှည်လျားဆုံး မြစ်တစ်စင်းဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အသက်သွေးကြောဟု တင်စားကြသော ဧရာဝတီမြစ်မှာ မြန်မာနိုင်ငံမြောက်ဖျားပိုင်းရှိ ဟိမဝန္တာရေခဲတောင်များမှ မြစ်ဖျားခံစီးဆင်းလာသော နမ့်မိုင်ခ (ခေါ်) မေခမြစ်နှင့် မလိခမြစ်တို့သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့အနီးတွင် ပေါင်းဆုံပြီး နိုင်ငံ၏ မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းကာ အိန္ဒိယသမုဒ္ဒရာအတွင်းသို့ စီးဝင်ပါသည်။**



မြစ်၏အလျား မှာ ၁၃၇၅ မိုင်ခန့် ရှည်လျားပြီး ရေကြောင်းသွားလာနိုင်သည့် အလျားမှာ မိုင် ၉၅၀ ကျော် ရှိပါသည်။ မြစ်ရေစီးဆင်းသည့် ပမာဏမှာ နှစ်စဉ်ပျမ်းမျှအားဖြင့် ကုဗမီတာ သန်း ၈၆၀၀၀၀ ခန့် ရှိပါသည်။ မိုးရွာသွန်းမှုအနေဖြင့် မိုးရေချိန်လက်မ ၄၀ မှ ၁၅၈ လက်မခန့်အထိ ရွာသွန်းလေ့ရှိပြီး ဇွန်၊ ဇူလိုင်နှင့် ဩဂုတ်လများအတွင်း အခြားလများထက် မိုးရွာသွန်းမှုပိုမိုများပြားပါသည်။ ဧရာဝတီမြစ်ဝှမ်းကို အထက်ဧရာဝတီ၊ အလယ်ဧရာဝတီ၊ ချင်းတွင်းမြစ်ဝှမ်းဒေသ၊ အောက်ဧရာဝတီနှင့် မြစ်ဝကျွန်းပေါ်ဒေသဟူ၍ ဇုန် (Hydro-ecological Zone) ငါးပိုင်း ခွဲခြားထားပါသည်။

မေခမြစ်နှင့် မလိခမြစ်တို့သည် မြစ်ကြီးနားမြို့အနီး၌ စတင်ပေါင်းဆုံကာ ဧရာဝတီမြစ်အဖြစ် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသအထိ ဖြတ်သန်းစီးဆင်းလျက်ရှိပါသည်။ မြစ်ကြမ်းပြင် လျှောစောက်မှာ မြစ်ဆုံအထက်ပိုင်းဒေသတွင် ပိုမိုမတ်စောက်ပြီး ၎င်းနေရာမှနေ၍ ဟင်္သာတမြို့အထိအပိုင်းမှာ မြစ်ကြမ်းပြင်လျှောစောက် ပြေပြစ်ပါသည်။ ဧရာဝတီမြစ်သည် မြန်မာနိုင်ငံအတွင်း၌ ကချင်ပြည်နယ်မှ စတင်စီးဆင်းပြီး မြစ်ဝှမ်းခွဲများမှာ မေခ၊ မလိခ၊ ချင်းတွင်း၊ မဏိပူရ်၊ ဧရာဝတီအထက်ပိုင်း၊ ဧရာဝတီမြစ်အလယ်ပိုင်း၊ ဧရာဝတီအောက်ပိုင်း၊ မူး၊ မြစ်ငယ်၊ ပန်းလောင်၊ ရွှေလီနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့ ဖြစ်ကြပါသည်။

## ရာသီဥတု

ဧရာဝတီမြစ်ဝှမ်း၏ ရာသီဥတုအခြေအနေမှာ မိုးများပြီး မုတ်သုံရာသီဥတုအများစုဖြစ်ကာ ဘင်္ဂလားပင်လယ်အော်ဘက်မှ ဝင်ရောက်လာသည့် ဆိုင်ကလုန်းမုန်တိုင်းများ တိုက်ခတ်လေ့ရှိပါသည်။ နေ့အပူချိန်မှာ မြစ်ဝှမ်း၏မြောက်ဖျားပိုင်း၌ သုည ဒီဂရီစင်တီဂရိတ်မှ မြစ်ဝှမ်းအလယ်ပိုင်းနှင့် မြစ်ဝကျွန်းပေါ်ဒေသတို့တွင် ၃၈ ဒီဂရီစင်တီဂရိတ်ခန့်အထိ ရှိပါသည်။ မြစ်ဝကျွန်းပေါ်ဒေသ၌ မုတ်သုံရာသီဥတုမရောက်မီနှင့် မုတ်သုံရာသီဥတုနှောင်းပိုင်းကာလများတွင် ဆိုင်ကလုန်းမုန်တိုင်းများ၊ လေဖိအားနည်းရပ်ဝန်းများ ဖြစ်ပေါ်လေ့ရှိပါသည်။ ရေငွေ့ပြန်နှုန်းအားဖြင့် နှစ်စဉ်ပျမ်းမျှပမာဏ (Mean Annual Potential Evapotranspiration) ၄၉ လက်မမှ ၇၃ လက်မအထိရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## မြစ်ရေစီးဆင်းမှု

နှစ်စဉ်မြစ်ရေစီးဆင်းမှုအခြေအနေမှာ ရာသီဥတု၊ မိုးလေဝသနှင့် ဇလဗေဒ အခြေအနေများအပေါ်မူတည်၍ ပြောင်းလဲလေ့ရှိပါသည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ကြီးနားမြို့၊ ခန္တီးမြို့၊ မုံရွာမြို့၊ စစ်ကိုင်းမြို့၊ မကွေးမြို့နှင့် ပြည်မြို့တို့ရှိ မိုးလေဝသနှင့် ဇလဗေဒ တိုင်းတာရေး စခန်းများမှ မြစ်ရေထု စီးနှုန်းတိုင်းတာရရှိသည့် အချက်အလက်များအရ အမြင့်ဆုံးမြစ်ရေစီးဆင်းနိုင်မှုကာလမှာ နှစ်စဉ်ဇွန်လမှ အောက်တိုဘာလအတွင်း ဖြစ်ပေါ်လေ့ရှိပါသည်။

မြစ်ကြီးနားမြို့ဝန်းကျင်နှင့် ၎င်းမြို့၏အထက်ပိုင်း မြစ်ဝှမ်းအပိုင်းတွင် ဇွန်လကုန်ထက် ပိုမိုစော၍ ဧပြီလမှစတင်ပြီး မြစ်ရေစီးနှုန်းပမာဏများပြားပါသည်။ ရေနည်းကာလများမှာ မြစ်ကြီးနားမြို့၏ အထက်ပိုင်းတွင် ဇန်နဝါရီလလယ်မှ မတ်လကုန်အထိလည်းကောင်း၊ ဧရာဝတီမြစ်ဝှမ်းအလယ်ပိုင်းနှင့် အောက်ပိုင်း၌ တည်ရှိသော ပြည်မြို့အထိတွင် ဇန်နဝါရီလလယ်မှ မေလကုန်အထိလည်းကောင်း ဖြစ်ပေါ်လေ့ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ၁၉၉၇၊ ၂၀၀၂၊ ၂၀၀၄၊ ၂၀၁၅ (ဇူလိုင်နှင့်ဩဂုတ်)နှင့် ၂၀၁၅ (စက်တင်ဘာလ)တို့တွင် မြစ်ရေမျက်နှာပြင် နိမ့်/မြင့်မှတ်မြင့်တက်၍ မြစ်ရေကြီး/ရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုကဲ့သို့ မြစ်ရေကြီး/ ရေလျှံ ဖြစ်ပေါ်ရာတွင် အချိန်ကာလအားဖြင့် ၂ ရက်ခန့်မှ ၁၇ ရက်ခန့်အထိ ကြာမြင့်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

ဧရာဝတီမြစ်ရေကို မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သည့်ဒေသများဖြစ်သော မူးမြစ်ဝှမ်းခွဲ၊ ဧရာဝတီအလယ်ပိုင်း၊ အောက်ပိုင်းနှင့် ပန်းလောင်မြစ်ဝှမ်းခွဲများရှိ စိုက်ပျိုးရေးလုပ်ငန်းများတွင် အများဆုံးအသုံးပြုလျက်ရှိပါသည်။ ဧရာဝတီမြစ်ဝှမ်းအတွင်းရှိ မြစ်ရေကို စိုက်ပျိုးရေးလုပ်ငန်းများအတွက် အများစုအသုံးပြုလျက်ရှိပြီး ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် သုံးရာခိုင်နှုန်းနှင့် အခြားလုပ်ငန်းများအတွက် အနည်းငယ်သာ အသုံးပြုလျက်ရှိပါသည်။

## ရေကြောင်းသွားလာမှု

ဧရာဝတီမြစ်ဝှမ်းသည် ဧရိယာ ၁၆၁၆၀၉ စတုရန်းမိုင်ခန့်ရှိပြီး မြန်မာနိုင်ငံရှိလူဦးရေ၏ ၄၁ ရာခိုင်နှုန်းခန့်ကို အကျိုးပြုလျက်ရှိပါသည်။ ဧရာဝတီမြစ် ဖြတ်သန်းစီးဆင်းရာ ဒေသအများစုသည် မြေဆီ၊ မြေဩဇာကောင်းမွန်သည့် လွင်ပြင်ဒေသများဖြစ်ပြီး ဆန်စပါး ပိုမိုထုတ်လုပ်နိုင်ရေးအတွက် အခြေအနေကောင်းများရှိပါသည်။ ဧရာဝတီမြစ်ဝှမ်းမှ စိုက်ပျိုးရေးထွက်ကုန်အပါအဝင် တည်ဆောက်ရေးပစ္စည်းများ၊ လောင်စာဆီ၊ လူသုံးကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရေးအတွက် ကုန်ကျစရိတ်သက်သာစွာဖြင့် ဝန်စည်များစွာ သယ်ယူပို့ဆောင်နိုင်သည်မှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသာ ဖြစ်ပါသည်။

ထို့ကြောင့် ဧရာဝတီမြစ်၏ ပြည်တွင်းရေကြောင်းသွားလာမှုလုပ်ငန်းသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် နေထိုင်သည့် လူဦးရေအတွက်သာမက နိုင်ငံအတွက်ပါ အရေးပါသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းကြီး ဖြစ်ပါသည်။ ဧရာဝတီမြစ်ကြောင်းတစ်လျှောက်တွင် ပြည်တွင်းရေကြောင်းဖြင့် ပို့ဆောင်သည့်ကုန်စည်ပမာဏသည် ၂၀၁၅ ခုနှစ်တွင် တန်ချိန် ၁၀ သန်းကျော်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် တန်ချိန် ၂၅ သန်းကျော်အထိ ရှိနိုင်ကြောင်း ခန့်မှန်းထားသဖြင့် ဧရာဝတီမြစ် ရေကြောင်းသွားလာမှုလုပ်ငန်းသည် စီးပွားရေးအရ တန်ဖိုးရှိသည့် စကြံတစ်ခုဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

မိုးရာသီကာလမြစ်ရေများချိန်တွင် ရေကြောင်းသွားလာမှု အခက်အခဲမရှိသော်လည်း နွေရာသီနှင့် ဆောင်းရာသီကာလ မြစ်ရေနည်းချိန်တွင် ရေစူးတိမ်၍ ရေကြောင်းကျပ်တည်းသည့် အခက်အခဲရှိပါသည်။ မြန်မာနိုင်ငံ၌ ပြည်တွင်းရေကြောင်းသွားလာမှုများအတွက် ပင်မမြစ်ကြီးများပေါ်တွင် ရေကြောင်းသွားလာရေး ရေထိန်းတံခါးများ တည်ဆောက်အသုံးပြုမှု မရှိသေးသော်လည်း နိုင်ငံတကာတွင် ပြည်တွင်းရေကြောင်းသွားလာမှုများအတွက် ရေကြောင်းသွားလာရေး ရေထိန်းတံခါးများ တည်ဆောက်၍ တွင်ကျယ်စွာအသုံးပြုလျက်ရှိပါသည်။

## ဧရာဝတီမြစ်အတွင်း ရေလမ်းကြောင်းပြောင်းလဲနိုင်မှုအခြေအနေ

မြစ်ရေစီးလမ်းကြောင်းပုံစံပြောင်းလဲမှုသည် ဂေဟစနစ်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျသည့် အချက်အလက်လည်း ဖြစ်ပါသည်။ ဧရာဝတီမြစ်ဝှမ်း၏ ဂေဟဗေဒစနစ် (Ecohydro-logy Assessment)ကို ဆန်းစစ်လေ့လာရာတွင် ရေအရင်းအမြစ်ကို အသုံးချမှုပုံစံ အပါအဝင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဇလဗေဒဆိုင်ရာအခြေအနေများ ပြောင်းလဲလာခြင်းနှင့် မြစ်ရေစီးကို အတားအဆီးပြုလုပ်ပြီး ရေသိုလှောင်အသုံးပြုခြင်းများမှ သက်ရောက်မှုများရှိသည်ကို လေ့လာတွေ့ရှိရပါသည်။

မြစ်အတွင်း ရေလမ်းကြောင်းစီးဆင်းမှုအခြေအနေ (Flow Regime) ကို နှစ်စဉ်မြစ်ရေစီးနှုန်းတိုင်းတာသည့် အချက်အလက်များအရလည်းကောင်း၊ နှစ်အလိုက် မြစ်ရေစီးသည့် ထုထည်အနည်း/အများ ပမာဏနှင့် ၎င်းပမာဏများဖြစ်ပေါ်ခဲ့သည့် အကြိမ်ရေ (Flood Frequency and Seasonal Timing)အရ လည်းကောင်း၊ ရေကြီး/ရေလျှံဖြစ်ပေါ်ခဲ့သည့် ရေစီးပမာဏနှင့် ကြာမြင့်ကာလများအရလည်းကောင်း အခြေခံပြီး ခန့်မှန်းတွက်ချက်နိုင်ပါသည်။

ခြောက်သွေ့သောနွေရာသီ၌ ရေစီးဆင်းမှုပမာဏ ပိုမိုလျော့နည်းပါက ပင်မမြစ်၊ မြစ်လက်တက်နှင့် ချောင်းလက်တက်များဆက်သွယ်၍ ရေစီးသည့်အခြေအနေ (Longitudinal Connectivity) လျော့နည်းနိုင်ပြီး ရေတိမ်ပိုင်းများဖြစ်ပေါ်ကာ ရေနေသတ္တဝါများ အသက်ရှင်နေထိုင်မှုနှင့် ရေကြောင်းသွားလာမှုများကို ထိခိုက်စေနိုင်ပါသည်။ အလားတူ မိုးရာသီကာလအတွင်း ရေစီးဆင်းနှုန်းပမာဏပိုမိုပါက မြစ်၏ လျှောစောက်ပြေပြစ်သောအပိုင်းများတွင် ရေကြီး/ရေလျှံ၍ ရေလွှမ်းမိုးမှုများ ရင်ဆိုင်ကြုံတွေ့ရပါသည်။

## နှစ်စဉ်နုန်းအနည်အနှစ်ပို့ချမှု အခြေအနေ

ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ လူမှုရေးနှင့်စီးပွားရေးတို့အတွက် အရေးပါသော ပင်မမြစ်ကြီးတစ်စင်းဖြစ်သဖြင့် ဧရာဝတီ၏ ဝဲယာမြစ်ရိုးတစ်လျှောက် မြေနိမ့်လွင်ပြင်များ၌ မြို့နှင့် ကျေးရွာများ ပျံ့နှံ့တည်ရှိလျက်ရှိပါသည်။ ဧရာဝတီမြစ်၏ ဝဲယာကမ်းပါးများကို လုံလောက်စွာ ကာကွယ်ထားမှုမရှိခြင်းကြောင့် နှစ်စဉ်ကမ်းပြိုမှုဖြစ်ပွားခြင်း၊ ရေဝေရေလဲဒေသ၌ သစ်တောဖုံးလွှမ်းမှု လျော့နည်းလာခြင်း၊ မြေအသုံးချမှုပြောင်းလဲခြင်း၊ ကျောက်မျက်နှင့် ဓာတ်သတ္တုတူးဖော်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း၊ ဖွံ့ဖြိုးမှုစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း စသည်တို့ကြောင့် မြစ်လက်တက်များနှင့် ပင်မမြစ်အတွင်းသို့ စီးဝင်လာသောရေ၌ သဲနုန်းပါဝင်မှု နှစ်စဉ်မြင့်မားလျက် ရှိပါသည်။

ဧရာဝတီမြစ်၏ လက်တက်အချို့အပေါ်၌ ရေအားလျှပ်စစ်နှင့် စိုက်ပျိုးရေပေးဝေရေးအတွက် ရေလှောင်တမံများတည်ဆောက်ထားခြင်းကြောင့် အဆိုပါမြစ်လက်တက်များမှ ဧရာဝတီမြစ်အတွင်းသို့ သဲနုန်းအနည်ကျပို့ချမှု အထိုက်အလျောက် သက်သာသွားသော်လည်း သဘာဝအလျောက်စီးဆင်းနေသည့် လက်တက်များမှ ဧရာဝတီမြစ်အတွင်းသို့ နှစ်စဉ်သဲနုန်းပို့ချမှု မြင့်မားနေဆဲ ဖြစ်ပါသည်။

## ရေအားလျှပ်စစ်ထုတ်လုပ်မှု၊ နည်းပညာတိုးတက်လာမှုများနှင့် အနိမ့်တမံရေအားလျှပ်စစ်

ရေအားလျှပ်စစ်ထုတ်လုပ်ရာတွင် ရေလှောင်တမံများ တည်ဆောက်အသုံးပြုခြင်း (Storage Type) နှင့် သဘာဝရေစီးအားကို အသုံးပြုခြင်း (Run–of–River Type) ဟူ၍ အဓိကနည်းလမ်းနှစ်မျိုးဖြင့် လျှပ်စစ်ဓာတ်အားကို လက်ရှိထုတ်လုပ်လျက် ရှိပါသည်။ ရေအားလျှပ်စစ်ထုတ်လုပ်မှုနည်းပညာတွင် အဓိကကျသည့်အချက်များမှာ လူလုပ်ဖန်တီးထားသော ရေအားအမြင့် (Water Head) (သို့မဟုတ်) သဘာဝရေစီးအား (Natural Flow)အပေါ်မူတည်ပြီး ဒီဇိုင်းတွက်ချက်ခြင်းဖြစ်သည့်အတွက် ထုတ်လုပ်နိုင်သည့် လျှပ်စစ်ဓာတ်အားပမာဏအနည်းအများသည် အဆိုပါအချက်အလက်များအပေါ်တွင် မူတည်ပါသည်။

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

ရေလှောင်တမံများတည်ဆောက်၍ ရေအားအမြင့်တစ်ခုဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် သဘာဝရေစီးအားများပါက ထုတ်လုပ်နိုင်မည့် လျှပ်စစ်ဓာတ်အားလည်း ပိုမိုရရှိနိုင်မည်ဖြစ်ပါသည်။ သဘာဝရေစီးသန်သော မြစ်ချောင်းများ ဖြတ်သန်းစီးဆင်းရာ တောင်ပေါ်ဒေသများ (သို့မဟုတ်) မြစ်ကမ်းဘေးများတွင် တမံတည်ဆောက်နိုင်သော တောင်ကုန်းတောင်တန်းများရှိသည့် အရပ်ဒေသများ၌ လျှပ်စစ်ထုတ်လုပ်နိုင်သည့် အခြေအနေကောင်း ရှိပါသည်။ မြန်မာနိုင်ငံ၏ မြေမျက်နှာသွင်ပြင်အနေအထားအရ မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အောက်ပိုင်း ဧရာဝတီမြစ်ဖြတ်သန်းစီးဆင်းရာ တစ်လျှောက်တွင် မြေပြန့်ဒေသများသာ တည်ရှိနေသဖြင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရန် အခွင့်အရေးနည်းပါးသည့် အခြေအနေရှိပါသည်။

ရေအားလျှပ်စစ်ကဏ္ဍတွင် နည်းပညာတီထွင်ဆန်းသစ်လာသည့်အလျောက် အနိမ့်တမံ ရေအားလျှပ်စစ်တည်ဆောက်မှုနည်းပညာကို အသုံးပြုလျက် မြေပြန့်ဒေသရှိ မြစ်ချောင်းများတွင်လည်း လျှပ်စစ်ဓာတ်အားထုတ်လုပ်လာနိုင်ပြီဖြစ်ပါသည်။ မြေပြန့်ဒေသရှိ မြစ်ချောင်းများ၌ ရေစီးအားနည်းသော်လည်း သီးခြားတီထွင်ထားသော တာဘိုင်နှင့် ဂျင်နရေတာစနစ်ဖြင့်လည်းကောင်း၊ တာဘိုင်နှင့် ဂျင်နရေတာကို ပေါင်းစပ်ထားသည့် ရေမြုပ်ခံနိုင်သော တာဘိုင်ဒီဇိုင်းကို အသုံးပြု၍လည်းကောင်း လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ပြီ ဖြစ်ပါသည်။

အနိမ့်တမံရေအားလျှပ်စစ်တွင် အသုံးပြုနိုင်သည့် တာဘိုင်များ၏ထူးခြားချက်မှာ တာဘိုင်ဒလက်၏ လည်ပတ်နှုန်းကို လေအားလျှပ်စစ် တာဘိုင်များကဲ့သို့ ဖြည်းညင်းစွာ လည်ပတ်စေရန် ဒီဇိုင်းထုတ်လုပ်ထားပြီး ဂျင်နရေတာ (Generator) များဖြင့် တွဲဖက်၍ စက်စွမ်းအားပြည့် လျှပ်စစ်ထုတ်လုပ်ပေးနိုင်ခြင်း ဖြစ်ပါသည်။ ထို့ပြင် အနိမ့်တမံ ဓာတ်အားပေးစက်ရုံများရှိ အချို့တာဘိုင်များတွင် တာဘိုင်ဒလက်လည်ပတ်မှုနှုန်း နှေးကွေးအောင် ပြုလုပ်ထားသည့်အပြင် တာဘိုင်ဒလက်အရေအတွက်ကို လျှော့ချထားခြင်း၊ တာဘိုင်အတွင်း ရေဖြတ်သန်းမှု ဧရိယာကျယ်ဝန်းစေခြင်း၊ ရေဖြတ်သန်းသည့် ဧရိယာတစ်လျှောက် ကြားလပ်မှုနေရာမရှိအောင် ဒီဇိုင်းပုံစံအမျိုးမျိုး ထုတ်လုပ်ထားခြင်းကြောင့် ငါးမျိုးစိတ်များ အလွယ်တကူ ဖြတ်သန်းသွားလာနိုင်သော တာဘိုင်များအဖြစ် အသုံးပြုနိုင်သည်အထိ နည်းပညာပိုင်းဆိုင်ရာ တီထွင်ဆန်းသစ်လာပြီ ဖြစ်ပါသည်။

Axial Flow Fish Friendly Turbine အမျိုးအစားများတွင် တာဘိုင်လည်ပတ်နေချိန် တာဘိုင်အတွင်းမှငါးများ အလွယ်တကူဖြတ်သန်းသွားလာနိုင်ပါသည်။ အနိမ့်တမံ ရေအားလျှပ်စစ်စီမံကိန်းများကို မြစ်ကြမ်းပြင် လျှောစောက်ပြေပြစ်သောနေရာများတွင် တည်ဆောက်လေ့ရှိပြီး မြစ်၏ရေကြောင်းသွားလာရေး အထောက်အကူပြုစေရန် ရေတံခါးများ (Navigation Gate) များ ထည့်သွင်းတပ်ဆင်၍ အသုံးပြုလေ့ ရှိကြပါသည်။

ထို့ပြင် တမံ၏ အထက်ဘက်နှင့် အောက်ဘက်ပိုင်းသို့ ငါးမျိုးစိတ်များ အလွယ်တကူဖြတ်သန်းသွားလာနိုင်ရန်အတွက် ငါးကူးလှေကား (Fish Ladder) များကို ဒီဇိုင်းပုံစံအမျိုးမျိုးဖြင့် ထည့်သွင်းတည်ဆောက်လေ့ရှိပါသည်။ အချို့သော အနိမ့်တမံစနစ် ဓာတ်အားပေးစက်ရုံများတွင် တာဘိုင်နှင့် ဂျင်နရေတာစနစ် (Turbine Generator Unit) တစ်စုံလုံးကို ရေပေါ်သို့ အလွယ်တကူ မ,တင်နိုင်သည့် တွဲဆက်စနစ်များ (Hydromatrix Module)ကို ရွေးချယ်တည်ဆောက်နိုင်သဖြင့် နုန်းအနည်ကျမှုကိုလည်း လျှော့ချနိုင်ပြီ ဖြစ်ပါသည်။

**အနိမ့်တမံရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်း၏ အကျိုးကျေးဇူးများ**

ဧရာဝတီမြစ်ဝှမ်းအတွင်း ဆင့်ကဲထပ်ဆင့်အနိမ့်တမံနှင့် လျှပ်စစ်ဓာတ်အားပေး စက်ရုံများ တည်ဆောက်ခြင်းအားဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်-

- ဧရာဝတီမြစ်အတွင်းရှိ ရေချိုအရင်းအမြစ်များ ပင်လယ်အတွင်းသို့ စီးဝင်ခြင်းဖြင့် ဆုံးရှုံးလျက်ရှိသော ရေချိုများကို ထိန်းသိမ်းထားနိုင်ခြင်း၊
- နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဧရာဝတီမြစ်ရေကို အရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူ၍ ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ခြင်း၊
- ရေကြောင်းသွားလာရေးအတွက် လုံလောက်သော ရေအနက်ရရှိနိုင်ခြင်း၊
- အနိမ့်တမံနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း (Low Head Hydropower) နှင့် ရေစုပ်တင်သိုလှောင်၍ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ တည်ဆောက်ခြင်း (Pumped-storage Hydropower) တို့ဖြင့် ရေအားလျှပ်စစ်ထုတ်ယူနိုင်ခြင်း၊

**“ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် မှီတင်းနေထိုင်သည့် လူဦးရေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ရေကြောင်းခရီးသွားလာမှုများ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဂေဟစနစ်၊ မြေအသုံးချမှုအားလုံးနှင့် ပတ်သက်ဆက်နွှယ်နေပါသဖြင့် ၎င်းမြစ်တစ်လျှောက်၌ အနိမ့်တမံစနစ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက လျာထားစီမံကိန်းအားလုံးကို နည်းပညာပိုင်းဆိုင်ရာ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ စီးပွားရေးတွက်ခြေကိုက်မှုဆိုင်ရာနှင့် အခြားသောရှုထောင့်ပေါင်းစုံတို့မှ အကျိုးအပြစ်သက်ရောက်မှုများကို လေ့လာဆန်းစစ်ပြီးမှသာ စီမံကိန်းတစ်ခုချင်းစီ၏ ဦးစားပေးအဆင့်အလိုက် နိုင်ငံတော်အဆင့်စီမံကိန်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်”**

- စိုက်ပျိုးရေ၊ စက်မှုလုပ်ငန်းသုံးရေနှင့် မြို့ပြရေလိုအပ်ချက်များကို လုံလောက်စွာ ထောက်ပံ့နိုင်ခြင်း၊
- ရေစီးအားကိုထိန်းထားနိုင်သဖြင့် မြစ်တစ်လျှောက်ရှိ ခြောက်သွေ့သောဒေသများအတွက် စိမ်းလန်းစိုပြည်လာနိုင်ပြီး ရာသီဥတုမျှတလာနိုင်ခြင်း၊
- မြစ်ဝကျွန်းပေါ်ဒေသများတွင် နှစ်စဉ် ရေကြီး/ရေလျှံခြင်းနှင့် ရေလွှမ်းမိုးမှုမှ ကာကွယ်နိုင်ခြင်း၊
- ရေကြောင်းအသုံးပြု ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊
- မြစ်ကြောင်းထိန်းသိမ်းမှုလုပ်ငန်းများ တွင်ကျယ်စွာ ဆောင်ရွက်လာနိုင်ခြင်း၊
- ရေကြောင်းပို့ဆောင်ရေး၊ ကုန်စည်ဖလှယ်ရေးလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊
- လူမှုစီးပွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊
- မြစ်ဝှမ်းအတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်း၊

**သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ**

အနိမ့်တမံများ တည်ဆောက်မည်ဆိုပါက ရေကြီး/ရေလျှံမှုဖြစ်သည့်အချိန်တွင် အနိမ့်တမံများတည်ဆောက်ခြင်းမရှိသည့်အချိန်က ရေကြီး/ရေလျှံမှုထက် ပိုမိုဆိုးရွားမှုများမရှိစေရန် အဓိကလေ့လာဆန်းစစ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ မြှင့်တင်သိုလှောင်မည့် ရေမျက်နှာပြင်အမြင့်များလေလေ ထိခိုက်မှုများလေလေဖြစ်ပြီး ထိခိုက်မှုလျော့နည်းသက်သာစေရေး ဆောင်ရွက်ပေးရမည့် ကုန်ကျစရိတ်လည်း များလာမည်ဖြစ်ပါသည်။

သို့ဖြစ်၍ စိုက်ပျိုးရေပေးဝေမှု၊ ရေလမ်းကြောင်းသွားလာမှုနှင့် ရေအားလျှပ်စစ်ထုတ်လုပ်မှုတို့မှ ရရှိလာမည့် အကျိုးအပြစ်များနှင့် အရှုံးအမြတ်များကို ဘက်ပေါင်းစုံမှ ချင့်ချိန်၍ အနိမ့်တမံ၏ ထားရှိသင့်သည့်အမြင့်ကို စဉ်းစားသတ်မှတ်ရမည် ဖြစ်ပါသည်။ ဧရာဝတီမြစ်သည် သုံးနှစ်မှ ငါးနှစ်လျှင် တစ်ကြိမ်ခန့် ရေကြီး/ရေလျှံမှုများ ဖြစ်ပေါ်တတ်ပြီး မြစ်ရိုးတစ်လျှောက် မြေနိမ့်ပိုင်းများတွင် နေထိုင်ကြသော မြစ်ကမ်းခြေကျေးရွာများသည် ရေကြီး/ရေလျှံမှုနှင့် နောက်ဆက်တွဲ ဆိုးကျိုးများကို ခံစားရလေ့ရှိပါသည်။

သို့ဖြစ်ရာ အနိမ့်တမံများ ဆောင်ရွက်မည့်နေရာအလိုက် တမံအမြင့်နှင့် အမြင့်ဆုံးရောက်ရှိနိုင်မည့် ရေမျက်နှာပြင် နိမ့်/မြင့်မှတ်တို့ကိုသတ်မှတ်ရာ၌ ၎င်းတမံတည်ဆောက်မည့်နေရာတွင် နှစ်စဉ်မိုးရာသီအတွင်း မြင့်တက်လေ့ရှိသော ပုံမှန်အမြင့်ဆုံး ရေမျက်နှာပြင် နိမ့်/မြင့်မှတ်ထက် ကျော်လွန်ခြင်းမရှိစေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

အလားတူ ပွင့်လင်းရာသီတွင်လည်း ထားရှိလိုသည့် ရေမျက်နှာပြင် နိမ့်/မြင့်မှတ်အောက် မရောက်ရှိစေရေးနှင့် မိုးရာသီကာလတွင် သတ်မှတ်ရေမျက်နှာပြင် နိမ့်/မြင့်မှတ်ထက် ကျော်လွန်မှုမရှိစေရေး ထိန်းညှိပေးနိုင်မည့်အစီအမံများကို ထည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အနိမ့်တမံနှင့်တွဲဖက်၍ လိုအပ်သည့်နေရာများတွင် လူနေဧရိယာနှင့် စိုက်ပျိုးမြေများကို ရေကြီး/ရေလျှံမှုမဖြစ်စေရေးအတွက် တာပေါင်များ ထည့်သွင်းတည်ဆောက်ပေးရပါမည်။ တာပေါင်များ တည်ဆောက်ရာတွင် ကုန်ကျစရိတ်သက်သာပြီး ရေရှည်တွင် ပြုပြင်ထိန်းသိမ်းရသည့် ကုန်ကျစရိတ်သက်သာစေမည့် နည်းလမ်းကို လေ့လာဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့ပြင် ဧရာဝတီမြစ်၌ အနိမ့်တမံ စီမံကိန်းများဆောင်ရွက်ရာတွင် စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိကိုလည်း ထည့်သွင်းလေ့လာဆန်းစစ်ရန် လိုအပ်ပါမည်။

**လေ့လာသုံးသပ်အကြံပြုတင်ပြချက်**

ဧရာဝတီမြစ်ဝှမ်းတစ်လျှောက် မှီတင်းနေထိုင်သည့် လူဦးရေ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း၊ ရေကြောင်းခရီးသွားလာမှုများ သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ဂေဟစနစ်၊ မြေအသုံးချမှုအားလုံးနှင့် ပတ်သက်ဆက်နွှယ်နေပါသဖြင့် ၎င်းမြစ်တစ်လျှောက်၌ အနိမ့်တမံစနစ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက လျာထားစီမံကိန်းအားလုံးကို နည်းပညာပိုင်းဆိုင်ရာ၊ လူမှုပတ်ဝန်းကျင်ဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ စီးပွားရေးတွက်ခြေကိုက်မှုဆိုင်ရာနှင့် အခြားသောရှုထောင့်ပေါင်းစုံတို့မှ အကျိုးအပြစ်သက်ရောက်မှုများကို လေ့လာဆန်းစစ်ပြီးမှသာ စီမံကိန်းတစ်ခုချင်းစီ၏ ဦးစားပေးအဆင့်အလိုက် နိုင်ငံတော်အဆင့်စီမံကိန်းများအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ဦးစားပေး စီမံကိန်းများအပေါ် သတ်မှတ်လေ့လာဆန်းစစ်ရာတွင်-

- အနီးတစ်ဝိုက်ရှိ မြေမျက်နှာသွင်ပြင်အနေအထား၊
- မြစ်ကြောင်းအတွင်းရှိ သဲနုန်းအနည်ပို့ချမှုနှုန်းနှင့် မြစ်အတွင်း သောင်ထွန်းနိုင်မည့် အခြေအနေများ၊
- ရေကြောင်းသွားလာနိုင်မှု အခြေအနေ၊
- မိုးတွင်းနှင့် နွေရာသီကာလ မြစ်ရေအနက်ကွာခြားမှု အခြေအနေ၊
- ဒေသခံပြည်သူများ မှီခိုနေထိုင်မှုအခြေအနေ၊
- မြစ်ကြောင်းထိန်းသိမ်းခြင်း ဆောင်ရွက်နိုင်မှုအခြေအနေများကို လေ့လာဆန်းစစ်ပြီးမှသာ ဦးစားပေးစီမံကိန်းများကို ရွေးချယ်ရပါမည်။

မြစ်ကြောင်းထိန်းသိမ်းရာတွင် မြစ်ရေလမ်းကြောင်းစီးဆင်းမှု၊ မြစ်အတွင်းသောင်ထွန်းမှုနှင့် ရေကြီး/ရေလျှံမှု အခြေအနေများမှ ကာကွယ်ရန်အတွက် နှစ်ရှည်စီမံချက်ရေးဆွဲ၍ ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ အနိမ့်တမံစနစ် ရေအားလျှပ်စစ်စက်ရုံများ၏ သက်တမ်းကာလအတွင်း နှစ်စဉ်ဖော်ပြပါအတိုင်း မြစ်ကြောင်းများ ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။

ဥရောပရှိ မြစ်ကြီးများဖြစ်သည့် ဒင်ညုမြစ်နှင့် ရိုင်းမြစ်ပေါ်ရှိ ဆင့်ကဲထပ်ဆင့် အနိမ့်တမံစနစ် ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဧရာဝတီမြစ်ကဲ့သို့ပင် သဲနုန်းအနည်ကျပို့ချသည့်နှုန်းများသောကြောင့် မြစ်ကြောင်းထိန်းသိမ်းသည့်လုပ်ငန်းကို နှစ်ပေါင်းရာချီ၍ ဆောင်ရွက်ခဲ့ရကြောင်း သိရှိရပါသည်။

မြန်မာနိုင်ငံ၌လည်း အနိမ့်တမံစနစ် ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်နိုင်ခြေအလားအလာကောင်းများ ရှိပါသည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် အားသာချက်အနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခြင်းနှင့် ရေကြောင်းပို့ဆောင်ရေး ပိုမိုသွားလာနိုင်ခြင်းတို့ဖြစ်ပြီး စိန်ခေါ်မှုများအနေဖြင့် ဧရာဝတီမြစ်နှင့်အပြိုင် တည်ရှိလျက်ရှိသော စစ်ကိုင်းပြတ်ရွေ့ကြော (Sagaing Fault) မြေငလျင်အခြေအနေကို အသေးစိတ်ထည့်သွင်းလေ့လာဆောင်ရွက်ရမည် ဖြစ်ပါသည်။

ဧရာဝတီမြစ်အတွင်း အနိမ့်တမံရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်ဖော်ပြပါ အခြေအနေများကို လေ့လာဆောင်ရွက်ရပါမည်-

- အထက်/အောက် အနိမ့်တမံ အချင်းချင်း ရေထောက်မှုမရှိစေရေး၊
- အနိမ့်တမံစီမံကိန်းအချင်းချင်း ဆင့်ကဲအကျိုးသက်ရောက်မှုများ (Cumulative Impacts) မရှိစေရေး၊
- မဟာဓာတ်အားလိုင်းနှင့် အလွယ်တကူချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး၊
- သဲနုန်းအနည်များ ဆင့်ကဲပို့ချမှုအခြေအနေ လေ့လာရေး၊
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဘဝသက်ရောက်မှု အနည်းဆုံးဖြစ်စေရေးတို့ကို ပြည့်စုံသောလေ့လာဆန်းစစ်မှုများ ပြုလုပ်ရမည် ဖြစ်ပါသည်။

ဧရာဝတီမြစ်အတွင်း အနိမ့်တမံများတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ပါက ကုန်သွယ်ရေကြောင်းသွားလာရေးနှင့် ဧရာဝတီမြစ်ကြောင်း ထိန်းသိမ်းခြင်းလုပ်ငန်းများကို တစ်ပါတည်း ဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဘက်စုံအကျိုးရှိပြီး မြစ်ရောထာဝစဉ် ရှင်သန်စီးဆင်းနေနိုင်မည်ဖြစ်ပါကြောင်း ပြုစုရေးသားတင်ပြလိုက်ရပါသည်။ ။

# (၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် "မျိုးစေ့ပြပွဲ ၂၀၂၅" (Seed Fair 2025) ဖွင့်ပွဲကျင်းပ မျိုးစေ့ပြပွဲများကို အခြေတည်၍ အစိုးရဌာနနှင့် ပုဂ္ဂလိကတို့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်

**နေပြည်တော် မတ် ၁**

(၆၃)နှစ်မြောက် တောင်သူလယ်သမားနေ့ကို ဂုဏ်ပြုသောအားဖြင့် "မျိုးစေ့ပြပွဲ ၂၀၂၅" (Seed Fair 2025) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက နေပြည်တော် ပျဉ်းမနား စိုက်ပျိုးရေးသိပ္ပံကျောင်းဝင်း၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မျိုးစေ့ကုမ္ပဏီများမှ တာဝန်ခံနှင့်ဝန်ထမ်းများ၊ နေပြည်တော်ကောင်စီနယ်မြေ မြို့နယ်အသီးသီးမှ တောင်သူလယ်သမားများ၊ မျိုးစေ့ထုတ်လုပ်တင်သွင်းဖြန့်ဖြူး ရောင်းချသူများ၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသိပ္ပံကျောင်းများမှကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တောင်သူများအနေဖြင့် မျိုးကောင်းမျိုးသန့် ရရှိသုံးစွဲနိုင်မှသာ သီးနှံများအရည်အသွေးရော အထွက်နှုန်းပါ တိုးတက်လာမည်ဖြစ်ကြောင်း မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကအခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံလိုသူများအား မိမိတို့ဝန်ကြီးဌာန၏ထောက်ခံချက်ဖြင့် နိုင်ငံသားပိုင်ကုမ္ပဏီများသာမက နိုင်ငံခြားသားကုမ္ပဏီများပါ ၁၀၀ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်နိုင်ကြပြီဖြစ်ပါကြောင်း။



တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ ရည်ရွယ်ချက်များနှင့် ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များတွင် ပါဝင်သော "တောင်သူလယ်သမားများ သွင်းအားစု(မျိုးစေ့) များကို လွယ်ကူအဆင်ပြေစွာ ရရှိသုံးစွဲနိုင်ရေးအတွက် ပံ့ပိုးကူညီစီမံဆောင်ရွက်ရန်" ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ မျိုးစေ့ပြပွဲများကို ၂၀၁၈ ခုနှစ်မှ စတင်၍ ကျင်းပခဲ့ရာ ယခု "မျိုးစေ့ပြပွဲ ၂၀၂၅" (Seed Fair 2025) မှာ သတ္တမအကြိမ်မြောက် ဖြစ်ကြောင်း၊ ယခုမျိုးစေ့ပြပွဲများကို အခြေတည်၍ အစိုးရဌာနနှင့် ပုဂ္ဂလိကတို့ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် မျိုးစေ့ကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေပြီး တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက တောင်သူများ အရင်းအနှီး ပိုမိုတောင့်တင်းလာစေရေးနှင့် ဈေးကွက်ခိုင်မာရေးအတွက် လယ်ယာကုန်ထုတ် သမဝါယမအသင်းများ၊ မျိုးစေ့ထုတ် သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက်နိုင်မှု အခွင့်အလမ်းများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော်ကောင်စီနယ်မြေ၏ လယ်ယာကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးလာရေးနှင့် တောင်သူလယ်သမား အကျိုးစီးပွားဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက "မျိုးစေ့ပြပွဲ ၂၀၂၅" ကျင်းပခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့်ဧည့်သည်တော်များသည် အခမ်းအနားတက်ရောက်လာကြသည့် မျိုးစေ့ကုမ္ပဏီများမှကိုယ်စားလှယ်များ၊ တောင်သူများနှင့်အတူ မျိုးစေ့ထုတ်စိုက်ခင်းများ၊ ပြခန်းပြကွက်များကို လှည့်လည်ကြည့်ရှုကြသည်။

"မျိုးစေ့ပြပွဲ ၂၀၂၅" တွင် စိုက်ခင်း ၁၂ ဧက အသုံးပြုစိုက်ပျိုးထားရှိပြီး ကုမ္ပဏီလေးခုနှင့် ဌာနမှ သီးနှံခုနစ်မျိုး၏ မျိုးပြားပေါင်း ၃၀ ကို စိုက်ပျိုးထားကာ အဆိုပါစိုက်ခင်းများတွင် နေကြာသီးနှံ ၁၂ မျိုး၊ အစေ့ထုတ်ပြောင်း ခုနစ်မျိုး၊ စင်တင်ဟင်းသီးဟင်းရွက်မျိုးစုံ ၁၅ မျိုး၏ မျိုးပြား ၃၉ မျိုးကို စိုက်ပျိုးထားသည်။ ထို့အတူ ဌာနသုံးခု ကုမ္ပဏီ ၂၁ ခုတို့က ပြခန်း ၃၂ ခန်း ခင်းကျင်းပြသထားကာ ပြပွဲသို့ လာရောက်လေ့လာကြသည့် တောင်သူများက ကြည့်ရှုလေ့လာပြီး ကိုယ်တိုင် အကဲဖြတ်ပေးခြင်းဖြင့် တောင်သူများ ကြိုက်နှစ်သက်သောမျိုးများ ဖော်ထုတ်နိုင်မည့်အစီအစဉ်များ ထည့်သွင်းဆောင်ရွက်ထားသည့်အပြင် တောင်သူပညာပေးဆွေးနွေးပွဲများ၊ အမေးအဖြေပဟေဠိ ဉာဏ်စမ်းဂိမ်းများကိုလည်း ထည့်သွင်းဆောင်ရွက်ထားကြောင်း သိရသည်။

"မျိုးစေ့ပြပွဲ ၂၀၂၅"(Seed Fair 2025) ကို မတ် ၁ ရက်မှ ၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက် လေ့လာနိုင်ကြကြောင်း၊ လေ့လာသူများ၏ သိရှိလိုသည်များကို စိုက်ခင်းအလိုက် ပြခန်းများအလိုက် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဗဟိုလေကြောင်းထိန်းသိမ်းမှုကွပ်ကဲရေးစင်တာနှင့် လေကြောင်းထိန်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် မတ် ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဗဟိုလေကြောင်းထိန်းသိမ်းမှု ကွပ်ကဲရေးစင်တာနှင့် လေကြောင်းထိန်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

စစ်ဆေးစဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ Air Traffic Management Centre – ATMC အစည်းအဝေးခန်းမ၌ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လေကြောင်းထိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**၂၄ နာရီပတ်လုံး ဝန်ဆောင်မှုပေး**

ယင်းနောက် ဒုတိယဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး လေကြောင်းလုပ်ငန်းသည် မိမိနိုင်ငံ၏ လေပိုင်နက်ကို ဖြတ်ကျော် ပျံသန်းလျက်ရှိသော ခရီးသည် / ကုန်စည်တင်ဆောင် ပျံသန်းလျက်ရှိသော လေယာဉ်ကြီးများ၊ မိမိနိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များသို့ ဆင်းသက် / ထွက်ခွာမည့် လေယာဉ် / ရဟတ်ယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းစွာနှင့် လုံခြုံစိတ်ချစွာ ဆောင်ရွက်နိုင်ရေးအတွက် ၂၄ နာရီပတ်လုံး ဝန်ဆောင်မှုပေးနေရသည့်အတွက် အဓိကအရေးပါပြီး နိုင်ငံတော်ဘဏ္ဍာအတွက် နိုင်ငံခြားငွေရရှိရေး ဆောင်ရွက်ပေးနေရသောကြောင့် ဂုဏ်ယူရမည့်လုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း သတ်မှတ် ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လေကြောင်းထိန်းဝန်ထမ်းများ စွမ်းဆောင်ရည်မြင့်မားပြီး ယုံကြည်မှုအပြည့်ဖြင့် လေကြောင်း ထိန်းသိမ်းနိုင်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဝယ်ယူဖြည့်တင်းပေးထားသော SCANSIM 3D Tower Simulator နှင့် Area Control Simulator များဖြင့် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားသွားရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဗဟိုလေကြောင်းထိန်းသိမ်းမှု ကွပ်ကဲရေးစင်တာရှိ SCANSIN 3D SIMULATOR လေ့ကျင့်ဆောင်ရွက်နေမှုအခြေအနေများ၊ Area Con-trol Center ရှိ လေကြောင်းထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

**ဂုဏ်ပြုလက်ဆောင်များ ပေးအပ်**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဗဟိုလေကြောင်းထိန်းသိမ်းမှုကွပ်ကဲရေး စင်တာနှင့် လေကြောင်းထိန်းတာဝါတွင် တာဝန်ထမ်းဆောင်နေကြသော လေကြောင်းထိန်းဝန်ထမ်းများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့် ရှိမည်

**နေပြည်တော် မတ် ၁**

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ သမဝါယမအသင်းစုပိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာရှိ သမဝါယမအသင်းစုပိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘက်စုံခြံအတွင်း အသားတိုးကြက်မွေးမြူထားရှိမှု အခြေအနေများနှင့် သမဝါယမအသင်းစုပိုင်မြေပေါ်တွင် တိရစ္ဆာန်အစာစပ်စက်ရုံတည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တိရစ္ဆာန်ရောဂါများ မကျရောက်စေရေးနှင့် ကြီးထွားမှုနှုန်းများ ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ကျန်ရှိသည့် ကြက်ခြံများတွင်လည်း အသားတိုးကြက်များ ဆက်လက် မွေးမြူနိုင်ရေးဆောင်ရွက်ကြစေလိုကြောင်း၊ ဘက်စုံသုံးခြံအတွင်း မိုးအခါရေစီးရေလာ ကောင်းမွန်စေရေး ရေထုတ်မြောင်းများ တူးဖော်ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဘက်စုံစိုက်ပျိုးမွေးမြူရေးခြံအတွင်း အိန္ဒိယနေကြာ ဆူရာကီရန် (Suryakiran) မျိုး ရှစ်ဧက စိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက သမဝါယမအသင်းသား တောင်သူများ၊ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် သီးနှံများအထွက်တိုးစေရေးအတွက် လုပ်ဆောင်ရမည့် စိုက်ပျိုးရေးလုပ်ငန်းစဉ်များကို စနစ်တကျ ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ပြီး လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်ကို စနစ်တကျ မှတ်တမ်းတင်ထားရှိရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားကာ အသားတိုးနွားများ မွေးမြူထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မင်းဘူးခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်း ဖွင့်လှစ်သင်ကြားပို့ချ

**မင်းဘူး မတ် ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး(မွမ်းမံ)သင်တန်းကို ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်ပြီး ခရိုင်မီးသတ်ဦးစီးဌာနရုံး၌ ဖွင့်လှစ်သင်ကြား ပို့ချပေးလျက်ရှိသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်က ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးပြီး သင်တန်းသား တပ်ဖွဲ့ဝင်များအား ရှာဖွေကယ်ဆယ်ရေး ဝတ်စုံများ ပေးအပ်၍သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးသုံးပစ္စည်းများနှင့် မြို့ဧရိယာကို စောင့်ကြည့်လွှမ်းခြုံနိုင်သော မီးဘေးလုံခြုံရေးကင်မရာ (Commond and Control Room) ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။




မင်းဘူးခရိုင် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး (မွမ်းမံ)သင်တန်းတွင် ခရိုင်နှင့် မြို့နယ်အတွင်းရှိ မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး မိမိတို့ဒေသအတွင်း သဘာဝဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာပါက အရေးပေါ် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်စေရန် ရှာဖွေကယ်ဆယ်ရေးစွမ်းရည်များ တိုးတက်မြင့်မားရေး၊ ခေတ်မီအဆင့်မြင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများ စနစ်တကျကိုင်တွယ်အသုံးပြုတတ်စေရေးနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေး စသည့်သင်ခန်းစာများဖြင့် ဖေဖော်ဝါရီ ၂၈ ရက်မှ မတ် ၁၀ ရက်အထိ စာတွေ့၊ လက်တွေ့ လေ့ကျင့်ခန်းဘာသာရပ်များဖြင့် စနစ်တကျ ဖွင့်လှစ်သင်ကြား ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - မန္တလေး၌ Symposium နှင့် Hands - On သင်တန်းများပြုလုပ်

**မန္တလေး မတ် ၁**

ခေတ်မီဆန်းသစ်လာသော Digital Technology အသုံးပြု၍ သွားနှင့်ခံတွင်းရောဂါများကို ပိုမိုထိရောက်မြန်ဆန်စွာနှင့် လွယ်ကူစွာကုသနိုင်ရန်အတွက် Digital Dentistry ကို တွင်ကျယ်စွာ အသုံးပြုနိုင်ရန် ရည်ရွယ်၍ “Symposium on Digital Dentistry : Its Changes and Challenges ” ကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် – မန္တလေးရှိ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက်တို့တွင် ကျင်းပသည်။

အဆိုပါ Symposium တွင် ကိုရီးယားနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပညာရှင်လေးဦး၊ ပြည်တွင်းမှ ပညာရှင်သုံးဦးတို့က ဟောပြောဆွေးနွေးခဲ့ကြပြီး အဆိုပါတက္ကသိုလ်မှ သင်ကြားရေးဆရာ ဆရာမများ၊ ဘွဲ့လွန်သင်တန်းသား သင်တန်းသူများ၊ ကန်တော်နဒီ သွားနှင့်ခံတွင်းကုသရေးဆေးရုံနှင့် ခုတင်(၃၀၀)ဆံ့ သင်ကြားရေးဆေးရုံတို့မှ သစ်လွင်သွားနှင့်ခံတွင်းဆရာဝန်များ စုစုပေါင်း ၁၀၀ ခန့် စိတ်ပါဝင်စားစွာ တက်ရောက်ကြသည်။ အခမ်းအနားအပြီးတွင် ကိုရီးယားနိုင်ငံမှ သွားနှင့်ခံတွင်းဆရာဝန်ကြီးက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် – မန္တလေးအတွက် လေဆာစက်ကိရိယာ (Hu–Laser) နှင့် Bore graft ပစ္စည်းများ လှူဒါန်းသည်။

ထို့ပြင် Guided Implant Sugery နှင့်ပတ်သက်၍ Hands– On သင်တန်းကို ယနေ့မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ ပထမနှစ် သွားဘက်ဆိုင်ရာ ဆေးပညာမဟာသိပ္ပံ သင်တန်းသား သင်တန်းသူများ တက်ရောက်လေ့ကျင့်ခဲ့ပြီး Digital Dentistry နှင့်ပတ်သက်သော စက်ကိရိယာပစ္စည်းများကိုလည်း သက်ဆိုင်ရာကုမ္ပဏီများက ပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေးအကယ်ဒမီ၌ ဖွင့်လှစ်မည့် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် ဆဋ္ဌမအကြိမ်မြောက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း တက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သင်တန်းသား ၄၀ ထွက်ခွာ

**နေပြည်တော် မတ် ၁**

အိန္ဒိယနိုင်ငံ ဘိုပါးမြို့ရှိ အမျိုးသားတရားစီရင်ရေး အကယ်ဒမီ (National Judicial Academy–NJA)တွင် မတ် ၃ ရက်မှ ၆ ရက်အထိ ဖွင့်လှစ်မည့် မြန်မာတရားသူကြီးများနှင့် တရားရေးအရာရှိများအတွက် ဆဋ္ဌမအကြိမ်မြောက် စွမ်းဆောင်ရည်မြှင့်တင်မှုသင်တန်း တက်ရောက်ရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ သင်တန်းသား ၄၀ သည် ယနေ့တွင် ရန်ကုန်မြို့မှ အိန္ဒိယနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

အဆိုပါ သင်တန်းကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေး အကယ်ဒမီတို့အကြား လက်မှတ်ရေးထိုးထားသည့် မြန်မာတရားသူကြီးများနှင့် တရားရေး အရာရှိများအတွက် အိန္ဒိယနိုင်ငံတွင် သင်တန်းပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ဖွင့်လှစ်ပို့ချခြင်းဖြစ်သည်။ ၎င်းသင်တန်းကို မြန်မာနိုင်ငံမှ သင်တန်းသားများ တက်ရောက်ခြင်းဖြင့် ဥပဒေစနစ်တူညီသည့် မြန်မာနှင့် အိန္ဒိယနိုင်ငံတို့၏ တရားစီရင်ရေးစနစ်များဆိုင်ရာ အချက်အလက်များကို ဖလှယ်ရန် အခွင့်အလမ်းရရှိပြီး မြန်မာနိုင်ငံမှ တရားသူကြီးများနှင့် တရားရေး အရာရှိများ၏ စွမ်းရည်မြှင့်တင်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

**သတင်းစဉ်**




## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့ အပိုင်း(၄)

***ခွန်နီဂါးတား(ရေနံ)နှင့် မောင်သုတ(စွမ်းအင်)***

*(ယမန်နေ့မှအဆက်)*

CNG သည် သဘာဝဓာတ်ငွေ့အား လေထု ဖိအား၏ အဆ ၂၀၀ ဖြင့် ဖိသိပ်၍ အိုးအတွင်း ထည့်သွင်းထားသည့် ဖိအားအလွန်မြင့်သည့် ဓာတ်ငွေ့ဖြစ်ရာ ပေါက်ကွဲမှုများဖြစ်ပွားပါက အင်အားပြင်းထန်သည့် ဗုံးတစ်လုံးပေါက်ကွဲသကဲ့သို့ ပတ်ဝန်းကျင်ရှိပြည်သူများအား ထိခိုက်ပျက်စီးစေနိုင်ကြောင်း သိရှိထားရန် လိုအပ်ပါသည်။

CNG မော်တော်ယာဉ်များအား မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနစိတ်မှ ယာဉ်စစ်ဆေးရေးအဖွဲ့များဖြင့် နှစ်စဉ်နှစ်ပတ်လည် Annual Inspection(AI) စစ်ဆေးမှုခံယူရန်လိုအပ်ပြီး စစ်ဆေးမှုအောင်မြင်သော ယာဉ်များကို CNG အသုံးပြုခွင့်စာအုပ်နှင့် ကတ်ကိုထုတ်ပေး၍ CNG ကို ရောင်းချပေးလျက်ရှိပါသည်။ သဘာဝဓာတ်ငွေ့သုံး ဆလင်ဒါအိုးများ၏ ထုတ်လုပ်သည့်ခုနှစ်မှ ငါးနှစ်ပြည့်ပြီးသောအိုးများသည် ပထမအကြိမ် စစ်ဆေးမှုခံယူရန် လိုအပ်ပြီး နောက်ငါးနှစ်ပြည့်လျှင် ဒုတိယအကြိမ် ထပ်မံစစ်ဆေးမှုခံယူရမည်ဖြစ်သည်။ သက်တမ်း ၁၅ နှစ်ပြည့်ပြီးသော သဘာဝဓာတ်ငွေ့သုံး ဆလင်ဒါအိုးများကို သတ်မှတ်စံချိန်စံညွှန်းများအရ သက်တမ်းလွန်ပယ်ဖျက်(Reject) အိုးအဖြစ် သတ်မှတ်ဆောင်ရွက်ခြင်းများကို CNG Retest Factory များတွင် သက်တမ်းအလိုက် စစ်ဆေးပေးလျက်ရှိပါသည်။

CNG Cylinder အိုးများ၏ ကြံ့ခိုင်မှုနှစ်ပတ်လည် စစ်ဆေးခြင်းများကို စစ်ဆေးဆောင်ရွက်ပေးနိုင်ရန် Retest Factory များကို ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်များအတွက် အင်းစိန်မြို့နယ် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာန(ရွာမ)၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ CNG မော်တော်ယာဉ်များအတွက် မန္တလေးမြို့တွင်လည်းကောင်း ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့အပြင် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များတွင် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေးဆွဲထားသည့် Standard Operating Procedure (SOP)များအတိုင်း အလေးထားလိုက်နာ ဆောင်ရွက်လျက်ရှိပြီး CNG ဖြန့်ဖြူးရောင်းချမှုကို ထိခိုက်မှုမရှိစေရေးတို့အတွက် Compressor စက်များ ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နှစ်အလိုက် အစီအမံများချမှတ်၍ ဆောင်ရွက်လျက်ရှိပါသည်။

YBS ယာဉ်များအား CNG ဖြန့်ဖြူးရာတွင် CNG စာအုပ်နှင့် ကတ်ထုတ်ပေးပြီး ယာဉ်စစ်ဆေးမှုခံယူပြီးသည့် ပြည့်စုံသည့်ယာဉ်များအား ယာဉ်၏ရှေ့လေကာမှန်တွင် အနီရောင်စတစ်ကာ တပ်ဆင်ပေးထားပြီး CNG စာအုပ်နှင့် ကတ်ရရှိရန် ဆောင်ရွက်ဆဲ Safety အရ စစ်ဆေးမှုခံယူကာ ယာဉ်များအား အဝါရောင်စတစ်ကာ တပ်ဆင်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။



စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအဆင်ပြေချောမွေ့စေရေးနှင့် မော်တော်ယာဉ်စီးနင်းသည့် ပြည်သူများဘေးအန္တရာယ်ကင်းရှင်းရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ CNG သုံး YBS ယာဉ်များအနက် CNG အိုးများအား သတ်မှတ်ထားသည့် အချိန်ကာလအတွင်း စစ်ဆေးမှုခံယူရန် ပျက်ကွက်ပါက အများပြည်သူ အသက်အန္တရာယ်ထိခိုက်နိုင်သဖြင့် CNG တပ်ဆင်အသုံးပြုခွင့်ရရှိထားသော စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

## နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးထားမှုအပေါ် ပြည်သူများအကျိုးခံစားခွင့်ရရှိစေရေး

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်**“ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့”** အစီအစဉ်တစ်ရပ်အနေဖြင့် ကုန်းတွင်းနှင့် ကမ်းလွန်မှ ထွက်ရှိသည့် သဘာဝဓာတ်ငွေ့များအား အထူးသက်သာသောဈေးနှုန်းဖြင့် ပြည်သူလူထုသက်သာချောင်ချိရေးအတွက် ရောင်းချပေးလျက်ရှိသော်လည်း အချို့သောယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းများသည် ယာဉ်စီးခများအား အခြားစက်သုံးဆီမော်တော်ယာဉ်များကဲ့သို့ ပြည်သူလူထုထံမှ ကောက်ခံလျက်ရှိသည်ကို တွေ့ရှိရပါသည်။

သို့ဖြစ်၍ မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အသုံးပြုခွင့်ရရှိနေသည့် ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများအနေဖြင့် နိုင်ငံတော်မှ ပြည်သူလူထုသက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိမှုအပေါ်တွင် အခွင့်ကောင်းယူ၍ ယာဉ်စီးခများအား အခြားစက်သုံးဆီယာဉ်များကဲ့သို့ ကောက်ခံပါက CNG တပ်ဆင်အသုံးပြုခွင့်ရရှိထားသော စာရင်းမှပယ်ဖျက်သွားနိုင်ရေး စွမ်းအင်ဝန်ကြီးဌာနသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထုကို သက်သာသောဈေးနှုန်းနှင့် အမှန်တကယ်ကောက်ယူမည့် လုပ်ငန်းရှင်များကိုသာ ရွေးချယ်ပြီး သဘာဝဓာတ်ငွေ့အား ရောင်းချပေးသွားမည်ဖြစ်ရာ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အသုံးပြုခွင့်ပေးထားမှုများကို စွမ်းအင်ဝန်ကြီးဌာနမှ ပြန်လည်စိစစ်ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထုထံမှ သက်သာသည့်နှုန်းဖြင့် ကောက်ခံပါမည်ဟု အာမခံချက်ပေးနိုင်သည့် လုပ်ငန်းရှင်များကိုသာ ရောင်းချပေးသွားမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်မှုမရှိသော လုပ်ငန်းရှင်များထံမှ ပြန်လည်ရုပ်သိမ်းရန် စတင်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူလူထုအနေဖြင့်လည်း စွမ်းအင်ဝန်ကြီးဌာနမှ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ အသုံးပြုရန် ခွင့်ပြုထုတ်ပေးထားသော မော်တော်ယာဉ်များတွင် CNG မော်တော်ယာဉ်ဖြစ်ကြောင်း စတစ်ကာများ တပ်ဆင်ထားရှိသည့်အတွက်အဆိုပါ မော်တော်ယာဉ်များကို ငှားရမ်းအသုံးပြုမည်ဆိုပါက ယာဉ်စီးခနှုန်းထားများအား ပိုမိုသက်သာသောနှုန်းထားဖြင့် အသုံးပြုနိုင်ကြောင်းကို လည်းကောင်း၊ CNG အသုံးပြုပါက ရောက်ရှိနိုင်မည့် ခရီးမိုင်အကွာအဝေး၊ ဆီစားနှုန်းနှင့် ပုံမှန်ဓာတ်ဆီများ အသုံးပြုပါက ရောက်ရှိနိုင်မည့် ခရီးမိုင်အကွာအဝေး၊ ဆီစားနှုန်းများအပေါ် မူတည်၍ သက်သာနိုင်မှုပမာဏနှင့် ကုန်ကျစရိတ်များကိုလည်းကောင်း ပြည်သူများအနေဖြင့် သိရှိနေရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ နိုင်ငံတော်မှ ပြည်သူလူထု၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးထားသည့် အခွင့်အရေးများအား လက်လွှတ်ဆုံးရှုံးမှု မရှိစေရေးအတွက် ပြည်သူလူထုအနေဖြင့်လည်း စွမ်းအင်ဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

ထို့အပြင် ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် CNG သုံးမော်တော်ယာဉ်များကို ပိုမိုရွေးချယ်အသုံးပြုခြင်းဖြင့် ပြည်ပမှ စက်သုံးဆီ

> **“ပြည်သူများအနေဖြင့် ခရီးသွားလာရာတွင် CNG သုံးမော်တော်ယာဉ်များကို ပိုမိုရွေးချယ် အသုံးပြုခြင်းဖြင့် ပြည်ပမှ စက်သုံးဆီ ဝယ်ယူတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေ သုံးစွဲမှုကိုလည်း လျှော့နည်းစေမည်ဖြစ်ပါသည်။ ထို့အပြင်သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု နည်းပါးပြီး ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချပေး၍ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်”**

ဝယ်ယူတင်သွင်းမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေ သုံးစွဲမှုကိုလည်း လျှော့နည်းစေမည်ဖြစ်ပါသည်။ ထို့အပြင် သဘာဝဓာတ်ငွေ့များကို အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းဖြင့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုနည်းပါးပြီး ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပေး၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူဖြစ်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့ကို တိုးမြှင့်ရှာဖွေ၍ သဘာဝဓာတ်ငွေ့ရရှိမှုအပေါ် မူတည်ပြီး မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်များ ပိုမိုတိုးချဲ့ဖွင့်လှစ်ကာ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့များအား ပိုမိုဖြန့်ဖြူးရောင်းချပေးကာ ပြည်သူလူထုသက်သာချောင်ချိရေးအတွက်ကိုလည်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအဆင်ပြေချောမွေ့စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် နိုင်ငံတော်မှ ပြည်သူများသက်သာချောင်ချိရေးအတွက် စီမံဆောင်ရွက်ပေးမှုများအား ပြည်သူများ အမှန်တကယ်အကျိုးခံစားခွင့်ရရှိရေးတို့အတွက် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူလူထုနှင့် လက်တွဲ၍ **“ပြည်သူလူထု၏ သယံဇာတအား ပြည်သူထံသို့”** အမှန်တကယ် ရောက်ရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။




YBS မော်တော်ယာဉ်များ၏ ရှေ့လေကာမှန်တွင် တပ်ဆင်ပေးထားသော CNG စာအုပ်နှင့်ကတ် ထုတ်ပေးထားပြီး နှစ်ပတ်လည်စစ်ဆေးမှု ခံယူပြီးသောယာဉ်




YBS မော်တော်ယာဉ်များ၏ ရှေ့လေကာမှန်တွင် တပ်ဆင်ပေးထားသော CNG စာအုပ်နှင့်ကတ် ရရှိရန် ဆောင်ရွက်ဆဲကာလအတွင်း CNGမော်တော်ယာဉ်အား Safety စစ်ဆေးမှု ခံယူပြီးသောယာဉ်

# (၁၆) ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ ကလောမြို့နယ် ဘော်နင်းကျေးရွာအုပ်စု၌ ကျင်းပ

**ကလော မတ် ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ဘော်နင်းကျေးရွာအုပ်စု ဘော်နင်းဘုန်းတော်ကြီးကျောင်း၌ ယနေ့နံနက် ၁၀ နာရီက (၁၆) ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ကို ကျင်းပသည်။

အခမ်းအနားတွင် တောင်ရိုးအမျိုးသားနေ့ အလံတင်ခြင်းနှင့် အလေးပြုခြင်း ဆောင်ရွက်ကြပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်၌ တိုင်းရင်းသားမျိုးနွယ်စု ၃၃ စု ရှိပြီး တိုင်းရင်းသားမျိုးနွယ်စုအလိုက် ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများသည် လူမျိုးစုအလိုက်ရှိကြပြီး ရှေးနှစ်ပေါင်းများစွာကတည်းကပင် အေးအတူပူအမျှ အတူတကွ သွေးသားရင်းချာ မောင်နှမများကဲ့သို့ နေထိုင်လာခဲ့ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုအလိုက် နေ့ထူးနေ့မြတ်များဖြစ်သည့် အမျိုးသားနေ့၊ နှစ်သစ်ကူးပွဲတော်နှင့် ကောက်သစ်စားပွဲတော် အစရှိသဖြင့် ရှိခဲ့ကြောင်း၊ တောင်ရိုးတိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ အနေဖြင့် မိမိတို့၏ တိုင်းရင်းသားမျိုးနွယ်စု ထုံးတမ်းစဉ်လာများကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။ **(ယာပုံ)**

ထို့နောက် (၁၆) ကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့ပွဲတော်အတွက် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ရာ တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးသောင်းရွှေက လက်ခံရယူ၍ ဒေသထွက်အမှတ်တရလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။



ယင်းနောက် တောင်ရိုးအမျိုးသားနေ့ ကျင်းပရခြင်း ရည်ရွယ်ချက်အားတောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးသောင်းရွှေက ရှင်းလင်းတင်ပြပြီး တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအသင်းကိုယ်စားကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် မတ် ၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ် ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များတွင် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများကို စုပေါင်း ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ပြည်သူ့ဆေးရုံများ၌လည်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အပါအဝင် မြို့နယ် ၁၇ မြို့နယ်ရှိ စာသင်ကျောင်းများ၌ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက စာသင်ကျောင်းများ အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေစည်ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများ၌ ခြင်ဆေးဖျန်းပေးခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်း ဆောင်ရွက်ပေးကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်(၄) ရပ်ကွက်ရှိ ရန်ကုန်အရှေ့ပိုင်း ဆေးရုံ (ဂန္ဓီဆေးရုံ)၌လည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ်ရပ်ကွက်ရှိ ဆေးဝါးကျွမ်းကျင်တက္ကသိုလ်၌လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် (၁)ရပ်ကွက်ရှိ တိုက်နယ်ဆေးရုံ၌လည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၇) ရပ်ကွက်ရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ လည်းကောင်း၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ကစင်ကျေးရွာရှိ ရွှေလင်ပန်း တိုက်နယ်ဆေးရုံ၌လည်းကောင်း နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆေးရုံဝင်း အတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းများကို စုပေါင်း ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုသိမ်ကြီးမြို့နယ်၌ မြေပြင်လူဦးရေစာရင်း ကွင်းဆင်းစိစစ်မှုများဆောင်ရွက်

**ပုသိမ်ကြီး မတ် ၁**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ် မြို့နယ်မြေပြင်လူဦးရေ စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှ မြို့နယ်အတွင်းရှိ လူဦးရေစာရင်း မှန်ကန်စေရေး၊ မြေပြင်ကွင်းဆင်း စာရင်းစိစစ်မှုများကို ဆောက်ရွက်လျက်ရှိရာ ကျောက်မီးကျေးရွာ၊ ဘိုတက်ကုန်းကျေးရွာ တို့၌ တာဝန်ရှိသူများ ယနေ့ကွင်းဆင်း ဆောင်ရွက်သည်။



မြေပြင်ကွင်းဆင်း ဆောင်ရွက်ရာတွင် အိမ်ထောင်စု အမှတ်စဉ်နှင့် မိသားစုအမှတ်စဉ်များကို နေရပ်လိပ်စာအတိုင်း နေထိုင်ခြင်း ရှိ မရှိ၊ စာရင်းပြုစုခြင်း၊ သေဆုံးစာရင်းများ အတည်ပြုခြင်း၊ စာရင်းရှိသော်လည်း မြေပြင်တွင် နေထိုင်မှုမရှိသူများနှင့် စာရင်းမရှိ နေထိုင်သူများ စာရင်းပြုခြင်း၊ မည်သည့်လက်မှတ်မျှ ကိုင်ဆောင်ခြင်း မရှိသူများ၊ အိမ်ထောင်စုစာရင်း မရှိသူများအား စိစစ်၍ အိမ်ထောင်စုစာရင်းနှင့် ကိုင်ဆောင်လက်မှတ်တစ်ခုခု ရရှိစေရေးတို့ကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆွေ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းအောင်၊ မြို့နယ်ဦးစီးအရာရှိ ဦးကျော်မင်းထွန်း၊ မြို့နယ်မြေပြင်စာရင်းကောက်ယူရေးကော်မတီဝင်များက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် လျှပ်စစ်ဦးစီးဌာနရုံး၌ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြပွဲကို ဖေဖော်ဝါရီ ၂၈ ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဦးစီးဌာနရှိ လျှပ်စစ်မန်နေဂျာနှင့် ဝန်ထမ်းများ ကြည့်ရှုအားပေးစဉ်။

မြို့နယ် (ပြန်/ဆက်)

# ဆင်ပေါင်ဝဲမြို့၌ ရေပေးဝေရေးဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

**ဆင်ပေါင်ဝဲ မတ် ၁**

မကွေးတိုင်းဒေသကြီး အောင်လံခရိုင် ဆင်ပေါင်ဝဲမြို့ အမှတ်(၃) ရပ်ကွက်ရှိ မြို့နယ်သမဝါယမအသင်းစု၏ ရေပေးဝေရေး ဆောင်ရွက်မှုကို တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှတာဝန်ရှိသူများက ဖေဖော်ဝါရီ ၂၇ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကြာအင်းကျေးရွာ၊ မကြီးစမ်းကျေးရွာ၊ သမန်းကြီးကျေးရွာ၊ ညံတောအင်းကျေးရွာ၊ ကုက္ကိုစမ်းကျေးရွာ၊ ကျောက်ဆောင်စမ်း ကျေးရွာ၊ ချောင်းကောက်ကျေးရွာ တို့ရှိ သမဝါယမအသင်း အမှုဆောင်များနှင့် အသင်းသားများအား တွေ့ဆုံပြီး သမဝါယမဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ အထွက်နှုန်းတိုးသည့် စပ်မျိုးဝါများ ပြောင်းလဲစိုက်ပျိုးပါက ရရှိမည့်အကျိုးကျေးဇူးများနှင့် သမဝါယမသင်တန်းကျောင်းများ၌ တက်ရောက်ရန်လိုအပ်သည့် အချက်အလက်များနှင့် ပတ်သက်၍ အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**



# အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

**နေပြည်တော် မတ် ၁**

ယနေ့ ညနေ ၃ နာရီ ၂၆ မိနစ် ၅၉ စက္ကန့်အချိန်တွင် ညောင်ဦးမြေငလျင်စခန်းမှ တောင်ဘက် ၆၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မင်းဘူးမြို့၏ မြောက်-အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၀ ဒသမ ၃၁ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၉၂ ဒီဂရီ၊ အနက် ၁၂၃ ကီလို မီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်ျ)တာစကေး ၃ ဒသမ ၈ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိပါသည်။

**မိုး/ဇလ**

# MNL အမှတ်ပေးချန်ပီယံ ရှမ်းယူနိုက်တက်အသင်းဆုဖလားအပ်နှံပွဲကျင်းပ

ရန်ကုန် မတ် ၁

**၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲနောက်ဆုံးနေ့ကို မတ် ၁ ရက်က တောင်ကြီးကွင်း၌ ဆက်လက်ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက ဟံသာဝတီယူနိုက်တက်အသင်းကို လေးဂိုးပြတ် အနိုင်ရရှိသည်။**



၂၀၂၄-၂၀၂၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးရရှိပြီး စံချိန်တင် အောင်မြင်မှုများစွာ ပိုင်ဆိုင်ခဲ့သည့် ရှမ်းယူနိုက်တက်အသင်းအား ဂုဏ်ပြုပွဲအခမ်းအနားကို မတ် ၁ ရက် ညပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ပြည်နယ်မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ချန်ပီယံ ရှမ်းယူနိုက်တက်အသင်း တာဝန်ရှိသူများနှင့် အားကစားသမားများ၊ ရှမ်းပြည်နယ် ပရိသတ်များ တက်ရောက်သည်။

ချန်ပီယံဆုဖလားအပ်နှံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ရှမ်းယူနိုက်တက်အသင်း ဥက္ကဋ္ဌ ဦးခွန်နောင်မြင့်ဝေ၊ ဒုတိယဥက္ကဋ္ဌ ဦးထိပ်ခွန်နောင်မြင့်ဝေနှင့် အသင်းခေါင်းဆောင် နန္ဒကျော်တို့က ပြည်နယ်ဝန်ကြီးချုပ်ထံ ချန်ပီယံဆုဖလားအပ်နှံသည်။**(အပေါ်ယာပုံ)**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် စီးပွားရေးလုပ်ငန်းရှင်များက ချန်ပီယံ ရှမ်းယူနိုက်တက်အသင်းကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။

ရှမ်းယူနိုက်တက် အသင်းသည် နောက်ဆုံးပွဲတွင် ဟံသာဝတီကို ဂိုးပြတ်အနိုင်ယူပြီး တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်နှင့်အတူ အမှတ်ပေးချန်ပီယံဆုကို စံချိန်တင် ခြောက်ကြိမ်မြောက် ရယူနိုင်ခဲ့သည်။

ထို့ပြင် တစ်ရာသီလုံး ရှုံးပွဲမရှိစံချိန်ကို သုံးရာသီဆက်နှင့် လေးကြိမ်မြောက် ရယူနိုင်ခဲ့သလို MNL ပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအဖြစ် ငါးရာသီဆက် ဗိုလ်စွဲသည့် အသင်းဖြစ်လာသည်။

ယခုရာသီတွင် စံချိန်သစ်များစွာဖြင့် ဗိုလ်စွဲခဲ့သည့် ရှမ်းယူနိုက်တက် အသင်းသည် နိုင်ပွဲ ၂၀ ဖြင့် ပြိုင်ပွဲသမိုင်းတစ်လျှောက် ချန်ပီယံအသင်းများတွင် နိုင်ပွဲအများဆုံးစံချိန်၊ ရမှတ် ၆၂ မှတ်ဖြင့် ချန်ပီယံဖြစ်သည့်အသင်းများတွင် ရမှတ်အများဆုံးစံချိန်တို့ပါ တင်ရှိခဲ့သည်။

**ကိုညီလေး၊ ဓာတ်ပုံ-သော်လေး**

❖ *ကျောဖုံးမှ*

ခံစစ်က ပွဲချိန်ပြည့် ခုခံဟန့်တားနိုင်စွမ်း မရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။ အပြောင်းအရွှေ့နောက်ဆုံးရက်တွင် လီဂူးဝမ်းကလပ် ပီအက်စ်ဂျီအသင်းမှ အငှားခေါ်ယူထားသော တိုက်စစ်ကစားသမား အေဆန်စီယို အထူးခြေစွမ်းပြသနိုင်ခဲ့ပြီး ဗီလာအသင်းရရှိသည့် သွင်းဂိုးနှစ်ဂိုးစလုံးကို ပွဲကစားချိန် ၆၈ မိနစ်နှင့် မိနစ် ၈၀ တို့တွင် သွင်းယူနိုင်ခဲ့သည်။

ဂိုးရရှိနိုင်သည့် အခွင့်အရေးဖန်တီးမှု ငါးကြိမ်နှင့်အတူ ဗီလာအသင်းက ကာဒစ်ဖ်အသင်းကို ပွဲချိန်တစ်လျှောက် တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့သည်။

ကာဒစ်ဖ်အသင်းသည် မိနစ် ၆၀ ကျော်အထိ ပြိုင်ဘက်အသင်း၏ တရပ်စပ်ထိုးဖောက်တိုက်စစ်ဆင်မှုများကို အကောင်းဆုံးခုခံကာကွယ်နိုင်ခဲ့သည်။

သို့သော်လည်း နောက်ပိုင်းပွဲချိန်များတွင် သက်လုံအားကျဆင်းလာပြီး သွင်းဂိုးများ ခွင့်ပြုပေးခဲ့ရခြင်း ဖြစ်သည်။

ဗီလာအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် အက်ဖ်အေဖလားပြိုင်ပွဲ ရှစ်သင်းအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

❍ *ကျောဖုံးမှ*

ဘိန်းခင်း ၈၁၂၀ ခန့်အား လည်းကောင်း၊ ထို့အတူ နံနက် ၉ နာရီ ၅ မိနစ်တွင် ဆီဆိုင်မြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆီဆိုင်မြို့နယ် ဘန့်ဗွီးကျေးရွာအုပ်စု နားစေးစောက်ကျေးရွာ၏ အနောက်ဘက် တစ်ဖာလုံခန့်အကွာ အမြင့်သုံးပေခန့်ရှိ ဘိန်းခင်း ၁၃ဧကခန့်ကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။ **ရဲပြန်ကြား**

## အမျိုးသမီးများအား တရုတ်မယားအဖြစ် ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မတ် ၁**

အမျိုးသမီးများအား တရုတ်မယားအဖြစ် ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်နှစ် (၂၀) စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် စံပြရွာနေ ခင်မျိုးကြည်(ခ) မြတ်နိုးနှင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြင်းချင်းရွာနေ သက်ထားဆွေ(ခ)သက်ထားတို့က စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြင်းချင်းရွာနေ မ----၊ ၂၂/၂၄ နှစ်နှင့် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် (၁၀) ရပ်ကွက်နေ မ----၊ ၃၀/၂၄ နှစ်တို့အား တရုတ်နိုင်ငံ၌ တရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း (၁၀၀) ရရှိမည်ဟု ပြောဆိုစည်းရုံးပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရန် စီစဉ်ဆောင်ရွက်ခဲ့ကြသဖြင့် ပုသိမ်ကြီးမြို့နယ် အုန်းချောနယ်မြေရဲစခန်း (ပ)၇၅/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅/၄၄ ဖြင့်လည်းကောင်း၊ အုန်းချောနယ်မြေရဲစခန်း(ပ)၇၆/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့်လည်းကောင်း အမှုဖွင့်လုစ်တရားစွဲ တင်ပို့ခဲ့သည်။

အဆိုပါအမှုအား အောင်မြေသာစံခရိုင်တရားရုံးမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက်တွင် တရားခံ ခင်မျိုးကြည်(ခ)မြတ်နိုးနှင့် သက်ထားဆွေ(ခ)သက်ထားတို့ နှစ်ဦးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ တစ်မှုလျှင် အလုပ်နှင့် ထောင်ဒဏ် (၁၀)နှစ်စီဖြင့် နှစ်(၂၀)စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် မတ် ၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မိုး/ဇလ

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၂၀၈ ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းခဲ့

**နေပြည်တော် မတ် ၁**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့- ရွှေကုက္ကိုလ်၊ မယ်ထော်သလေးနှင့် KK Park နယ်မြေများတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသူများကို စစ်ဆေးဖော်ထုတ်လျက်ရှိရာ ယနေ့တွင် ပြည်ပနိုင်ငံသား ၂၀၈ ဦးကို ထပ်မံထိန်းသိမ်းနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ မတ် ၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်းဦးရေ ၃၃၃၃ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၇၅၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၅၇၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







တရားမဝင် ဝင်ရောက်လာသူ ပြည်ပနိုင်ငံသား၂၀၈ ဦးကို ထပ်မံထိန်းသိမ်းထားစဉ်။

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲနှင့် MSMEs ဒေသထုတ်ကုန်ဈေးရောင်းပွဲတော် ကျင်းပ

**ပဲခူး မတ် ၁**

ပဲခူးမြို့ ရွှေဟောင်းသမိုင်းဝင်ဆံတော်ရှင် ကျိုက်ပညာယျစေတီတော်မြတ်ကြီးအနီး၌ မတ် ၁ ရက် ညနေပိုင်းက ၂၀၂၅ ခုနှစ် (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့အထိမ်းအမှတ် ပဲခူးတိုင်းဒေသကြီး ဟင်းသီးဟင်းရွက် သစ်သီးဝလံပန်းမန်ပြပွဲပြိုင်ပွဲနှင့် MSMEs ဒေသထုတ်ကုန် ဈေးရောင်းပွဲတော်ကျင်းပပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်ဖွင့်လှစ်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် စီးပွားရေးရာဝန်ကြီးဦးတင်ဦးတို့က (၆၃) နှစ်မြောက် တောင်သူလယ်သမားနေ့ သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲနှင့် MSMEs ဒေသထုတ်ကုန် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းမှ ဂုဏ်ပြုဘင်ခရာတီးဝိုင်းနှင့် ဂုဏ်ပြုပန်းဖွား အကအဖွဲ့တို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများက ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်၊ တောင်ငူခရိုင်၊ ပြည်ခရိုင်၊ နတ်တလင်းခရိုင်နှင့် သာယာဝတီခရိုင်ခြောက်ခုတို့မှ ဒေသထွက်သစ်သီးဝလံပန်းမန်ပြိုင်ပွဲဝင် သစ်သီးဝလံပန်းမန်များခင်းကျင်းပြသထားရှိမှု၊ ဒေသထွက် လယ်ယာသုံးစက်ကိရိယာ အရောင်းပြခန်း၊ မွေးမြူရေးဆိုင်ရာပြခန်းများ၊ မွေးမြူရေးစံပြခြံများ၊ မျိုးစေ့၊ သွင်းအားစုနှင့် ဒေသထွက်ကုန်အရောင်းပြခန်း စုစုပေါင်း ၁၀၀ ကျော်ကို ဆိုင်ခန်းတစ်ခုချင်းအလိုက် လှည့်လည်ကြည့်ရှုအားပေးပြီး ဒေသထွက်ကုန်များကို နိုင်ငံစီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် တိုးတက်ထုတ်လုပ်နိုင်ရေး၊ FDA ထောက်ခံချက်ရရှိနိုင်ရေး၊ ပြည်ပပို့ကုန်အဆင့်ထိ မျှော်မှန်းထုတ်လုပ်ဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါပြခန်းများတွင် ဒေသထွက် ဝါး၊ သစ်သားလက်မှုပစ္စည်းများ၊ သံရည်ကျိုပုံသွင်းလောင်းထားသည့် သံထည်ပစ္စည်းများ၊ တန်ဖိုးမြှင့်ရေရှည်စားသောက်ကုန်ပစ္စည်းများနှင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး တောင်သူလယ်သမားများအတွက် တန်ဖိုးသင့်လက်ဆွဲကောက်စိုက်စက်များ၊ ဘက်စုံသုံးစိုက်ပျိုးရေးကိရိယာ စုစုပေါင်းဒေသထွက်ကုန်အမျိုးပေါင်း ၈၀၀ ကျော် ထည့်သွင်းပြသထားပြီး လာရောက်လေ့လာသူများ၊ စတုဒိသာကျွေးမွေးခြင်းများ၊ ဈေးဝယ်သူများအပြင် အခမဲ့ဇာတ်သဘင်လာရောက်ကြည့်ရှုသူများ၊ ပွဲဈေးတန်းများ၊ ကလေးကစားကွင်းများတွင်လည်း စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး**

**(ပြန်/ဆက်)**



# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်

**မန္တလေး မတ် ၁**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဒေဝန်းအနောက်ရပ်ကွက် အကွက်အမှတ် (၃၂၅)၊ (၃၂၇) အတွင်းရှိ အိမ်ခြေ ၄၁၀ ကို မတ် ၁ ရက်က တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းထွန်း ဦးဆောင်၍ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့တို့ဖြင့် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးသတိပေးခြင်း၊ မီးဘေးလုံခြုံရေးအတွက် ရှောင်ရန်ဆောင်ရန်များ အကြံပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မီးငြိမ်းသတ်ရေးအတွက် ရေရရှိရေး အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ဂျဂျ

ချိန်ခါမရွေး
သတိပေး
မီးဘေး
ကင်းဝေးမှာ

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၃၂၉၄၀၃၆) ကိုလည်းကောင်း၊ The Myanmar Terminal (TMT) ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၄၂၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၄၃၆၀၃၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ကယားပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်အနီး၌ လိုင်စင်မဲ့ Mazda Bongo မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ ညောင်လေးပင်ခရိုင် ဖဒိုမြို့နယ်အတွင်း၌ လိုင်စင်မဲ့ Toyota Voxy မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ညောင်လေးပင်ခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် အခြားသစ် ၃ဒသမ ၃၇၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၈၅၉၂) ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၆၈၅၉၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

မတ် ၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ဘားအံ – ထုံးအိုင်လမ်း၊ အမှတ်(၈)ရပ်ကွက်၊ အမှတ် (၈၅) ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၉၈၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ် ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၀၀၀၀၀) ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက် စက်မှုဇုန် ကားလမ်းအနီး၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

ဖေဖော်ဝါရီ ၂၈ ရက်နှင့် မတ် ၁ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ(၁၄)မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၄၁၉၂၆၂၈ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုးပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

❑ မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အမေရိကန်က အစ္စရေးသို့ ကန်ဒေါ်လာ သုံးဘီလီယံတန်ဖိုးရှိ လက်နက်များရောင်းချရန်အတည်ပြု



**ဝါရှင်တန် မတ် ၁**

အစ္စရေးသို့ တန်ဖိုး အမေရိကန်ဒေါ်လာ သုံးဘီလီယံခန့်ရှိ စစ်လက်နက်ပစ္စည်းများ ရောင်းချပေးရန်အတွက် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက အတည်ပြုလိုက်ပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်က ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောကြားသည်။

ပေါင် ၂၀၀၀ အလေးချိန်ရှိ ဗုံး ၃၅၅၂၈ လုံးနှင့် ပေါင် ၂၀၀၀ ဘန်ကာဖျက်ဗုံးသီး ၄၀၀၀ အပါအဝင် အစ္စရေးနှင့် ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံတန် လက်နက် ရောင်းဝယ်မှုဆိုင်ရာ သဘောတူညီချက်ကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ခွင့်ပြုထားကြောင်း သိရသည်။

ပေးပို့မှုများကို ၂၀၂၆ ခုနှစ်တွင် စတင်ဖွယ်ရှိသော်လည်း ခဲယမ်းအချို့ကို ချက်ချင်းလက်ငင်း ပေးပို့ရောက်ရှိလာနိုင်ဖွယ်ရှိကြောင်း ပင်တဂွန်က ထုတ်ပြန်သည်။

ဒုတိယမြောက် သဘောတူညီချက်အနေဖြင့် ဒေါ်လာ ၆၇၅ ဒသမ ၇ သန်းတန်ဖိုးရှိ ပေါင် ၁၀၀၀ အလေးချိန်ရှိ ဗုံးသီးများနှင့် လမ်းညွှန်ပစ္စည်း ကိရိယာများကို ၂၀၂၈ ခုနှစ်တွင် ပေးပို့ရန် စီစဉ်ထားသည်။

တတိယမြောက် သဘောတူညီချက်တွင် ဒေါ်လာ ၂၉၅ သန်းတန်ဖိုးရှိ ကျည်ကာဖုံး ရှင်းလင်းရေးယန္တရား D9 ဘူဒိုဇာများကို ၂၀၂၇ ခုနှစ်တွင် ပေးပို့ရန် သဘောတူညီထားသည်။

ယင်းသည် ကွန်ဂရက် လွှတ်တော်မှ ပြန်လည်သုံးသပ်ခြင်းမရှိဘဲ ယခုလတွင် အစ္စရေးနိုင်ငံအတွက် ဒုတိယအကြိမ် အရေးပေါ် လက်နက်တင်ပို့ခွင့်ပြုမှုလည်းဖြစ်သည်။

**ဆင်ဟွာ**

# ကင်ညာနိုင်ငံ၌ လူပေါင်း ၂ ဒသမ ၁၅ သန်း စားရေရိက္ခာ မဖူလုံမှုနှင့်ရင်ဆိုင်နေရ

**နိုင်ရိုဘီ မတ် ၁**

ကင်ညာနိုင်ငံတွင် စားရေရိက္ခာမဖူလုံမှုနှင့် ရင်ဆိုင်နေရသည့် လူပေါင်း ၂ ဒသမ ၁၅ သန်း ရှိပြီး ယမန်နှစ်နှင့်နှိုင်းယှဉ်လျှင် တစ်သန်းတိုးလာကြောင်း အမျိုးသားမိုးခေါင်မှု စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့ (အင်န်ဒီအမ်အေ) က ပြောသည်။

မိုးရွာသွန်းမှု ပုံမှန်ထက်လျော့နည်းသည့်အတွက် စားရေရိက္ခာ မလုံလောက်သည့် အခြေအနေကို ပို၍ဆိုးရွားသည်ဟု အမျိုးသားမိုးခေါင်မှု စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြောကြားသည်။ မိုးနည်းသည့်အတွက် ယခင်ရာသီများမှ ထွက်ရှိသည့် သီးနှံထက်ပို၍ အထွက်နည်းပြီး အိမ်ထောင်စုများအတွက် စားရေရိက္ခာ လိုအပ်ချက်များဖြစ်ပေါ်ကာ အာဟာရချို့တဲ့မှုကို ပို၍ဖြစ်စေသည်ဟု ဖော်ပြထားသည်။

မတ်လမှ မေလအထိ မိုးတွင်းကာလအတွင်း အခြေအနေများ ပို၍ဆိုးရွားလာနိုင်ခြေရှိပြီး ခန့်မှန်းခြေအားဖြင့် လူပေါင်း ၂ ဒသမ ၈ သန်းမှာ စားရေရိက္ခာ မဖူလုံမှုနှင့်ကြုံတွေ့ရဖွယ်ရှိသည်ဟု အမျိုးသားမိုးခေါင်မှု စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က သတိပေးချက် အစီရင်ခံစာ ထုတ်ပြန်ထားသည်။

မွေးမြူရေးစားကျက်များနှင့် ရေရရှိမှုကျဆင်းလာခြင်းကြောင့် မွေးမြူရေးလုပ်ငန်းများကို ထိခိုက်စေကာ နို့ထုတ်လုပ်မှုမှာ ၂၅ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ဟု အမျိုးသားမိုးခေါင်မှု စီမံခန့်ခွဲရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။ **ဆင်ဟွာ**

# ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း၌ တောမီးလောင်မှု ဆက်လက်ပြင်းထန်နေသည့်အတွက် ဘေးလွတ်ရာသို့ရွှေ့ပြောင်းရန် အမိန့်ထုတ်ထား

**တိုကျို မတ် ၁**

ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း အီဝါတဲပြည်နယ်ရှိ အိမ်ထောင်စုပေါင်း ၁၀၀ ကျော်ကို မတ် ၁ ရက်တွင် တောမီးကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကြရန် အမိန့်ထုတ်ထားသည်ဟု ပြည်တွင်းမီဒီယာတွင် ဖော်ပြထားသည်။

နေအိမ်ပေါင်း ၁၄၁ အိမ်မှ ပြည်သူ ၃၃၃ ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်အသစ်ထုတ်ပြန်ထားသည်။ အိမ်ထောင်စုပေါင်း ၁၉၀၀ ဝန်းကျင်မှ ဒေသခံ ၄၀၀၀ ကျော်အား ၎င်းတို့၏နေအိမ်များကို စွန့်လွှတ်၍ ဘေးလွတ်ရာတိမ်းရှောင်ရန် အမိန့်ထုတ်ထားကြောင်း ကျိုဒိုသတင်းအေဂျင်စီတွင် ဖော်ပြထားသည်။

အိုဖူနာတိုမြို့၌ ခိုလှုံရာစင်တာများတွင် ဘေးလွတ်ရာသို့ ခိုလှုံနေထိုင်ကြသူပေါင်း ၁၀၃၃ ဦးရှိပြီဟု သိရသည်။ တောမီးလောင်မှုကို ငြိမ်းသတ်နိုင်ရေး ရဟတ်ယာဉ်ခြောက်စင်းဖြင့် ကူညီငြိမ်းသတ်ပေးလျက်ရှိသည်။ တောမီးကြောင့် လူတစ်ဦးသေဆုံးပြီး နေအိမ် ၁၀၀ ခန့် ပျက်စီးခဲ့သည်ဟု သိရသည်။

ယခုလောင်နေသည့် တောမီးမှာ ၁၉၈၀ ပြည့်နှစ်နှောင်းပိုင်း ဂျပန်နိုင်ငံတွင် အကြီးမားဆုံးလောင်သည့် တောမီးဖြစ်သည်ဟု မီးသတ်နှင့် သဘာဝဘေးစီမံခန့်ခွဲမှု အေဂျင်စီက ထုတ်ပြန်ထားသည်။ **ဆင်ဟွာ**

# ကာဒစ္စတန် အလုပ်သမားများပါတီက တူကီယဲနိုင်ငံနှင့် အပစ်အခတ်ရပ်စဲဟု ကြေညာ

**အစ္စတန်ဘူလ် မတ် ၁**

ကာဒစ္စတန် အလုပ်သမားများပါတီ (ပီကေကေ) က ၎င်းတို့၏ အကျဉ်းစံခေါင်းဆောင် အဗ္ဗဒူလာအိုကလန်၏ တောင်းဆိုမှုကြောင့် တူကီယဲနိုင်ငံနှင့် အပစ်အခတ်ရပ်စဲကြောင်း ကြေညာခဲ့သည်ဟု ဒေသဆိုင်ရာ မီဒီယာများက မတ် ၁ ရက်တွင် ဖော်ပြသည်။

ပီကေကေ အမှုဆောင်ကော်မတီက ကြေညာချက်ထုတ်ပြန်ရာတွင် ၎င်းတို့၏တပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်းမပြုပါက မည်သည့်လက်နက်ကိုင် လှုပ်ရှားမှုမျှ ထပ်မံလုပ်ဆောင်မည်မဟုတ်ကြောင်း အင်န်တီဗွီရုပ်မြင်သံကြားမှ ဖော်ပြသည်။

၎င်းတို့က ပီကေကေ ကွန်ဂရက်ကိုခေါ်ယူရန် အဆင်သင့်ဖြစ်နေပြီဟုဆိုသော်လည်း အိုကလန်ကိုယ်တိုင် ဦးဆောင်ရန် လိုအပ်သည့်အတွက် ၎င်းကို ထောင်မှလွှတ်ပေးရန် အလေးအနက်တောင်းဆိုထားသည်။

ဖေဖော်ဝါရီ ၂၇ ရက်တွင် အိုကလန်က ပီကေကေနှင့် ဆက်နွှယ်နေသော အဖွဲ့အားလုံးကို လက်နက်ချရန်တောင်းဆိုခဲ့ပြီး ကာဒစ္စတန်အလုပ်သမားများပါတီ (ပီကေကေ) ကို ဖျက်သိမ်းရန် တိုက်တွန်းခဲ့သည်။

လူပေါင်း ၄၀၀၀၀ ကျော် သေဆုံးခဲ့သော ပီကေကေ၏ နှစ် ၄၀ ကြာ တူကီယဲအစိုးရကို ဆန့်ကျင်သည့် သောင်းကျန်းမှုကို အဆုံးသတ်ရန် တူကီယဲအစိုးရ၏ ကိုင်တွယ်ဖြေရှင်းမှု တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။

၁၉၇၈ ခုနှစ်တွင် အိုကလန်တည်ထောင်ခဲ့သည့် ကာဒစ္စတန်အလုပ်သမားများပါတီ (ပီကေကေ) ကို တူကီယဲ၊ အမေရိကန်နှင့် ဥရောပသမဂ္ဂတို့က အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည်။

**ဆင်ဟွာ**

# ဇန်နဝါရီလတွင် သီရိလင်္ကာနိုင်ငံ ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၀၁ သန်းရှိ

**ကိုလံဘို မတ် ၁**

သီရိလင်္ကာနိုင်ငံ ဗဟိုဘဏ်၏ အဆိုအရ ခရီးသွားလုပ်ငန်းမှ ဝင်ငွေသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၄၀၁ သန်းအထိ တိုးတက်လာခဲ့ပြီး လစဉ်အမြင့်ဆုံးဝင်ငွေရရှိမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

သီရိလင်္ကာနိုင်ငံသို့ ဇန်နဝါရီတွင် ကမ္ဘာလှည့်ခရီးသည် ၂၅၂၇၆၁ ဦး ဝင်ရောက်ခဲ့ကြောင်း ဗဟိုဘဏ်က ဖေဖော်ဝါရီ ၂၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။

သီရိလင်္ကာခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ရူဝမ် ရာနာဆင်းဂ်ဟီက ယခုနှစ် အစောပိုင်းတွင် သီရိလင်္ကာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် သုံးသန်း လာရောက်ရန် ရည်မှန်းထားကြောင်း ပြောကြားသည်။

**ဆင်ဟွာ**

# ငလျင်ဒဏ်သင့် ဂျပန်နိုင်ငံ အီရှီကာဝါခရိုင်၌ အိမ်ရာများပြန်လည်တည်ဆောက်ရာတွင် လုပ်သားရှားပါးမှုကြောင့် အခက်တွေ့နေ




**တိုကျို မတ် ၁**

ငလျင်ဒဏ်သင့် ဂျပန်နိုင်ငံ အလယ်ပိုင်း အီရှီကာဝါခရိုင်၌ အိမ်ရာများ ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းအားထုတ်မှုများမှာ ဆောက်လုပ်ရေး လုပ်သားရှားပါးမှုကြောင့် အခက်တွေ့နေကြောင်း သိရသည်။

**အင်အားပြင်းငလျင်လှုပ်**

၂၀၂၄ ခုနှစ် နှစ်သစ်ကူးနေ့တွင် အင်အားပြင်းငလျင်တစ်ခု အီရှီကာဝါခရိုင်နှင့် အနီးဝန်းကျင်ဒေသများ၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်အထိ ငလျင်ကြောင့် အီရှီကာဝါခရိုင်အတွင်းရှိ နေအိမ် ၁၁၅၀၀၀ ကျော် ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း ခရိုင်အစိုးရက ပြောသည်။

ဒေသခံများက နေအိမ်သစ်များ ပြန်လည်ဆောက်လုပ်ခြင်းသို့မဟုတ် ပျက်စီးသွားသော နေအိမ်များကို ပြန်လည်ပြုပြင်ခြင်းဖြင့် ၎င်းတို့၏ ဘဝများ ပြန်လည်ထူထောင်ရန် ကြိုးပမ်းလျက်ရှိသည်။

**လုပ်ငန်းကြန့်ကြာနိုင်**

သို့သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းရှင်များက လုပ်သားအလွန်အမင်း ရှားပါးမှုကြောင့် လုပ်ငန်းစတင်ရန် နောက်ထပ်တစ်နှစ်ခန့် ကြန့်ကြာနိုင်ကြောင်း ငလျင်ဒဏ် အပြင်းအထန်ခံခဲ့ရသော အိုကု-နိုတိုဒေသရှိ ဒေသခံများအား ပြောကြားထားကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပထဝီဝင်ဘာသာရပ် သိကောင်းစရာများ

ဒေါက်တာ ဇင်နွယ်မြင့်၊ ပါမောက္ခ (ဌာနမှူး)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများအနေဖြင့် စနစ်သစ်သင်ရိုးဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြရတော့မည်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသား ကျောင်းသူများအားလုံး လွယ်ကူချောမောစွာ ဖြေဆိုနိုင်ရန် ရည်ရွယ်ပြီး စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ ပို့ချမည်ဖြစ်သည်။

ရှေးဦးစွာ ဒွါဒသမတန်း ပထဝီဝင်ဘာသာရပ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် ပါရှိသည့် သင်ခန်းစာများကို အကျဉ်းမျှ ရှင်းလင်းဖော်ပြလိုပါသည်။ ထိုကျောင်းသုံး ဖတ်စာအုပ်တွင် သင်ခန်းစာ အခန်းကြီး (၅) ခန်း ပါဝင်ပါသည်။

အခန်း (၁) သည် ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်ဖြစ်ပြီး အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်များအကြောင်း ပါဝင်သည်။ ဒီအခန်းမှာ ကမ္ဘာ့တိုက်ကြီးတစ်ခုချင်းစီ၏ တည်နေရာ၊ အကျယ်အဝန်း မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းတို့ကို အခြေခံပြီး ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာတို့ ကွဲပြားသွားပုံများကို လေ့လာကြရမည်ဖြစ်သည်။

အခန်း (၂) ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအကြောင်းဖြစ်ပြီး စီးပွားရေးဆိုင်ရာ ကုန်ထုတ်လုပ်မှု လုပ်ငန်းအမျိုးအစားများနှင့် ၎င်းလုပ်ငန်းများ ပျံ့နှံ့တည်ရှိရာဒေသများ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးတို့ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာ အခြေခံကျသော စီးပွားကုန်ထုတ်လုပ်ငန်းများကို လေ့လာပြီးနောက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအရေးပါပုံ၊ ကုန်သွယ်ရေးအရေးပါပုံများကို လေ့လာသင်ကြားရမည်ဖြစ်သည်။

အခန်း (၃) သည် ပတ်ဝန်းကျင်ဆိုင်ရာ ပထဝီဝင်ဖြစ်ပြီး ကမ္ဘာ့လေထု၊ လေထုညစ်ညမ်းမှု၊ ၎င်း၏ အကျိုးသက်ရောက်မှုများ၊ လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်သောနည်းလမ်းများ၊ ဥပမာအဖြစ် နိုင်ငံတချို့၏ လေထုညစ်ညမ်းမှုအခြေအနေများကို ရှင်းပြထားသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်၍ ကမ္ဘာ့လေထုညစ်ညမ်းစေသည့် အကြောင်းရင်းများ၊ လေထုညစ်ညမ်းမှုကြောင့် သက်ရှိနှင့် ဂေဟစနစ်အပေါ် ထိခိုက်မှုများ၊ ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းများကို လေ့လာကြရမည်ဖြစ်သည်။

အခန်း (၄) ဒေသန္တရပထဝီဝင်မှာ အမေရိကတိုက်များမှ ရွေးချယ်ထားသောနိုင်ငံ ၅ နိုင်ငံဖြစ်သည့် ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနိုင်ငံ၊ ဘရာဇီးနိုင်ငံနဲ့ အာဂျင်တီးနားနိုင်ငံများအကြောင်း ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာတော့ နိုင်ငံတစ်နိုင်ငံချင်းစီ၏ မတူကွဲပြားစွာ ဖွံ့ဖြိုးတိုးတက်လာပုံများကို လေ့လာသင်ကြားကြရမည်ဖြစ်သည်။

အခန်း (၅) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာ (Remote Sensing) နှင့် ပထဝီဝင် သတင်းအချက်အလက်စနစ်များ (Geographic Information Systems) အကြောင်း ဖြစ်သည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာ၏ အခြေခံနိယာမများကို သိရှိစေပြီး ဂြိုဟ်တုပုံရိပ်များအကြောင်း နားလည်စေရန်နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များတွင် ပေါင်းစပ်ပါဝင်သော အခြင်းအရာများ၊ အသုံးပြုသော အချက်အလက်အမျိုးအစားများ၊ မြေပုံနှင့်သက်ဆိုင်သော အကြောင်းအရာများကို နားလည်သဘောပေါက်စေရန်ဖြစ်သည်။ လက်တွေ့ပထဝီဝင်အပိုင်းမှာ အခြေခံသဘောတရားများကို သိနားလည်ရန်အပြင် တွက်ချက်မှုများကိုလည်း ကျွမ်းကျင်ရန်လိုသည်။ အဆင့်မြင့်နည်းပညာတစ်ခုကို တက္ကသိုလ်အဆင့်တွင် ဆက်လက်လေ့လာနိုင်စေရန် အခြေခံများကို ထည့်သွင်းသင်ကြားထားခြင်းဖြစ်ပါသည်။

ဆက်လက်ပြီး ၂၀၂၅ ခုနှစ်တွင် ကျင့်သုံးမည့် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းပုံစံကို ရှင်းပြပါမည်။

မေးခွန်းတွင် အပိုင်း(က) မှ အပိုင်း (စ) အထိ အပိုင်း (၆) ပိုင်း ပါဝင်ကာ အပိုင်းအားလုံးကို ဖြေဆိုရမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုချိန် ၃ နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်က (၁၀၀) ဖြစ်သည်။

သင်ရိုးသစ် ပထဝီဝင်ဘာသာရပ်မေးခွန်းတွင် အပိုင်း(က) သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်ပြီး အမှတ် (၃၀) ဖိုး မေးမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများအားလုံးကို ခြုံငုံသိရှိနားလည်စေရန်နှင့် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်စဉ်းစားဖြေဆိုသည့် အလေ့အကျင့်ကောင်းများရရန်အတွက် ဓမ္မဓိဋ္ဌာန်မေးခွန်းများကို အမှတ် (၃၀) အထိ ထည့်သွင်းထားခြင်းဖြစ်ပါသည်။ မေးခွန်းအားဖြင့် နံပါတ် (၁) ဖြစ်ကာ ၁(က)၊ ၁ (ခ) နှင့် ၁ (ဂ) ဟူ၍ ၃ ပိုင်း ပါရှိမည်။ မေးခွန်း ၁ (က) သည် မှား မှန်ရွေး၊ မေးခွန်း ၁(ခ) သည် ကွက်လပ်ဖြည့်ရန်နှင့် မေးခွန်း ၁ (ဂ) သည် ပေးထားသော အဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးရန်ဖြစ်သည်။ မေးခွန်း ၁ (က) အတွက် (၁၀) မှတ်၊ ၁ (ခ) အတွက် (၁၀) မှတ် နှင့် ၁ (ဂ)အတွက် (၁၀) မှတ်ဖြစ်ပြီး အပိုင်း (က) တစ်ခုလုံးအတွက် စုစုပေါင်း (၃၀) မှတ်ပေးထားခြင်းဖြစ်သည်။ ထို ဓမ္မဓိဋ္ဌာန်မေးခွန်းများကို ဒွါဒသမတန်း သင်ရိုးကျောင်းသုံးစာအုပ်ရှိ အခန်း (၁) မှ (၅) အထိ အပိုင်းအားလုံးမှ ထုတ်နုတ်ပြီး မေးမည်ဖြစ်သည်။

အပိုင်း(ခ) တွင် ပြဋ္ဌာန်းထားသည့် သင်ရိုးဖတ်စာအုပ်မှ သင်ခန်းစာ အခန်း (၁) ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်အပိုင်းကို မေးမည်ဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်းနံပါတ် (၂) ဖြစ်သည်။ ထိုမေးခွန်းနံပါတ် (၂) တွင် မေးခွန်းရှည် (Essay Type) တစ်ပုဒ် သို့မဟုတ် ပေးထားသည့် အကြောင်းအရာ ၃ ခုမှ ကြိုက်နှစ်သက်ရာ ၂ ခုကို မှတ်စုတိုအဖြစ် ရွေးချယ်၍ ဖြေဆိုနိုင်မည်။ မေးခွန်းရှည် တစ်ပုဒ်တည်းဖြေက (၁၄) မှတ်ရပြီး ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ရွေးချယ်၍ မှတ်စုတိုဖြေက တစ်ပုဒ်ကို (၇) မှတ်စီဖြင့် (၁၄) မှတ် ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ (၁၄) မှတ်တန်ကို မေးခွန်းရှည်ဆိုပါက တစ်ပုဒ်တည်း ဖြေရန်ဖြစ်ပြီး ထိုမေးခွန်းရှည်ကို မဖြေလိုက ပေးထားသည့် ၃ ခုအနက် (၂) ပုဒ်ကို မေးခွန်းတိုအဖြစ် ဖြေရန်ဖြစ်သည်။

မေးခွန်း၏ အပိုင်း (ဂ) သည် သင်ရိုးဖတ်စာအုပ် မာတိကာပါ အခန်း ၂၊ ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် (၃) ဖြစ်သည်။ ယခု အပိုင်း (ဂ) တွင်လည်း အပိုင်း (ခ) မှာကဲ့သို့ မေးခွန်းရှည် တစ်ပုဒ် သို့မဟုတ် မေးခွန်းတို (၃) ပုဒ်မှ (၂) ပုဒ်ကို ရွေးချယ်ဖြေဆိုနိုင်ပြီး ပေးမှတ်မှာ (၁၄) မှတ်ဖြစ်သည်။

မေးခွန်း၏ အပိုင်း(ဃ) သည် ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်အပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် နံပါတ် (၄) ဖြစ်သည်။ ဤအပိုင်းတွင်လည်း ရှေ့ကအပိုင်း (ခ) နှင့် (ဂ) ကဲ့သို့ မေးခွန်းရှည် (Essay Type) တစ်ပုဒ် သို့မဟုတ် ပေးထားသည့် မေးခွန်းတို ၃ ခုအနက် ကြိုက်နှစ်သက်ရာ ၂ ခုကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ ပေးမှတ်မှာလည်း မေးခွန်းရှည် တစ်ပုဒ်တည်းဖြေက (၁၄) မှတ်ဖြစ်ပြီး မေးခွန်းတို (၂) ပုဒ် ရွေးချယ်ဖြေဆိုပါက တစ်ပုဒ်လျှင် (၇) မှတ်နှုန်းဖြင့် (၁၄) မှတ် ဖြစ်သည်။

မေးခွန်းအပိုင်း (င) သည် ဒေသန္တရပထဝီဝင်အပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် (၅) ဖြစ်သည်။ ထိုအပိုင်းသည် အမေရိကတိုက်များမှ တချို့သောနိုင်ငံများကို ရွေးချယ်ထားခြင်းဖြစ်သည်။ ဤအပိုင်းတွင်လည်း ရှေ့အပိုင်းများကဲ့သို့ မေးခွန်းရှည်တစ်ပုဒ် သို့မဟုတ် ပေးထားသည့် အကြောင်းအရာ ၃ ခုအနက်မှ ကြိုက်ရာ (၂) ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ ထိုအပိုင်းအတွက် ပေးမှတ်မှာလည်း ရှေ့က အပိုင်းများကဲ့သို့ (၁၄) မှတ် ဖြစ်သည်။

ယခုလာမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ်မေးခွန်းသည် အသစ်ပြောင်းလဲလာသော သင်ရိုးသစ်နှင့် လိုက်လျောညီထွေဖြစ်ပြီး ကျောင်းသား ကျောင်းသူများသည် ပြဋ္ဌာန်းထားသည့် ကျောင်းသုံးစာအုပ်ကို အလွတ်ကျက်၍ ဖြေဆိုမှုလျော့နည်းလာစေရန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဖြေဆိုသော စွမ်းရည် ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ပြုစုမည့်မေးခွန်းပုံစံမျိုးဖြစ်သည်။ ဆိုလိုသည်မှာ “တောင်အမေရိကတိုက်၏ သဘာဝပေါက်ပင်များအကြောင်းရေးသားပါ” ဆိုသော မေးခွန်းမျိုးထက် “တောင်အမေရိကတိုက်တွင် သဘာဝပေါက်ပင်နှင့် မြေဆီလွှာများ ပျံ့နှံ့တည်ရှိမှုကို ရှင်းပြ၍ အဘယ်ကြောင့် ကန္တာရများဖြစ်ပေါ်လာသည်ကို ဆန်းစစ်ပါ” ဟူသော မေးခွန်းပုံစံမျိုးဖြစ်သည်။

မေးခွန်းအပိုင်း(စ) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး မေးခွန်းအားဖြင့် နံပါတ် (၆) ဖြစ်သည်။ မေးခွန်းဖွဲ့စည်းပုံမှာ ရှေ့ကအပိုင်းများကဲ့သို့ပင်ဖြစ်သည်။ မေးခွန်းရှည် (၁) ပုဒ် သို့မဟုတ် မေးခွန်းတို (၂) ပုဒ်ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ သို့သော် လက်တွေ့ပထဝီဝင်တွင် အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာနှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များဟူ၍ အဓိကအပိုင်းကြီး ၂ ပိုင်းရှိရာ ၎င်းတို့အနက်မှ ၁ ပိုင်းသည် မေးခွန်းရှည်ဖြစ်က ကျန်အပိုင်းသည် မှတ်စုတိုရွေးချယ်ဖြေရန် အပိုင်းဖြစ်မည်။

မေးခွန်းရှည်အပိုင်းတွင် Essay Type ရေးသားဖြေဆိုရသော မေးခွန်းဖြစ်နိုင်သကဲ့သို့ တွက်ချက်ဖြေဆိုရသည့်ပုစ္ဆာများလည်း မေးနိုင်သည်။ ဥပမာအားဖြင့် ကွန်ပျူတာတွင် အချက်အလက်များသိမ်းဆည်းရန် လိုအပ်သောပမာဏကို ရှာဖွေခြင်းကဲ့သို့သော တွက်ချက်မှုများကို မေးသည့်အပိုင်းလည်း ပါဝင်နိုင်ပါသည်။ ထို့ပြင် ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာမှ ပုံများပေးထားပြီး တည်နေရာဆိုင်ရာ အချက်အလက်များကို မှတ်သားဖော်ပြခိုင်းသည့် မေးခွန်းမျိုးလည်းမေးနိုင်ပါသည်။ တွက်ချက်ရန်ပေးသော ပုစ္ဆာသည် အမှတ် (၁၄) မှတ်ဖိုး ဖြစ်နိုင်သကဲ့သို့ (၇) မှတ်တန် (၂) ပုဒ်ဖြေရသည်လည်း ရှိနိုင်ပါသည်။

နမူနာအားဖြင့် Remote Sensing အပိုင်းမှ တွက်ချက်ရန် (၁၄) မှတ်တန် ပုစ္ဆာတစ်ခုကို ရှင်းလင်းတွက်ပြပါမည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာတွင် လေ့လာမည့်ရည်ရွယ်ချက်များပေါ်မူတည်ပြီး ဂြိုဟ်တုနှင့် အာရုံခံကိရိယာ စနစ်အမျိုးမျိုးရှိသည်။ Grade–12 ပထဝီဝင်ဘာသာရပ် ကျောင်းသုံးစာအုပ်၏ စာမျက်နှာ ၁၅၈ ရှိ ဇယားအမှတ် (၅.၃) တွင် ဂြိုဟ်တုများနှင့် ၎င်းတို့၏ လက္ခဏာရပ်များကို ဖော်ပြထားပါသည်။ ထိုဇယားတွင် ဖော်ပြထားသည့်အချက်များအနက် အိန္ဒိယနိုင်ငံမှ လွှတ်တင်ထားသော ဂြိုဟ်တု IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန် ပမာဏမည်မျှလိုမည်နည်းဆိုသည့် ပုစ္ဆာကို နမူနာအားဖြင့် ရှင်းလင်းတွက်ပြမည် ဖြစ်ပါသည်။ IRS LISS 4 နှင့်သက်ဆိုင်သော အချက်အလက်များကို မေးခွန်းတွင် ဖော်ပြပေးထားမည် ဖြစ်သည်။

ပထမဦးစွာ မေးခွန်းပုစ္ဆာတွင် ပေးထားသော အချက်အလက်များကို ချရေးရန်ဖြစ်သည်။ ပေးထားချက်များကို ရေးရာတွင် IRS LISS 4 ၏ အချက်အလက်များကို ရေးသားရန်ဖြစ်ပြီး အောက်ပါအတိုင်းရေးသားနိုင်သည်။

**ပေးထားချက်။** ။ ဂြိုဟ်တု = IRS

အာရုံခံကိရိယာ = LISS 4

ပုံရိပ်၏မြင်ကွင်းအကျယ် = ၂၄ ကီလိုမီတာ

မြေပြင်ပေါ်ရှိအရာဝတ္ထုများကိုအသေးစိတ်ခွဲခြားနိုင်မှု(တစ်နည်းအားဖြင့် မြေပြင်ရှိပစ်ဇယ်အရွယ်အစား) = ၅.၈ မီတာ

ပါဝင်သည့် ရောင်စဉ်စုအရေအတွက် (Band) = ၃ ခု

အရာဝတ္ထုမှ ဖြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားနိုင်မှု = ၇ ဘစ်

ထို့နောက် ပုစ္ဆာကမေးထားသော ရှာရန်အချက်ကို အောက်ပါအတိုင်း ရေးသားဖော်ပြပြီးလျှင် တွက်ချက်ခြင်းကို အဆင့်လိုက် တစ်ဆင့်ချင်းတွက်သွားရန်ဖြစ်သည်။

**ရှာရန်။** ။ ကွန်ပျူတာတွင် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ?

တွက်ချက်ရာတွင် တွက်နည်းအဆင့်ဆင့်ကို သဘောပေါက်နားလည်ရန်လိုသည်။ ထိုသဘောတရားကို နားလည်ထားပါက မည်သည့်ဂြိုဟ်တုဓာတ်ပုံ၊ မည်သည့်အာရုံခံကိရိယာအကြောင်းကို အခြေခံ၍ မေးစေကာမူ အလွယ်တကူတွက်ချက်ဖြေဆိုနိုင်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ သိရှိနားလည်ထားရမည်မှာ အာရုံခံကိရိယာမှ မှတ်တမ်းတင်သောပုံရိပ်များကို အတိုင်များ (Columns)၊ အတန်းများ (Rows) ဖြင့် ဖွဲ့စည်းထားသည့် သေးငယ်သော စတုရန်းဂရစ်ကွက်များအတွင်း မှတ်တမ်းတင်သိမ်းဆည်းသည်။ ၎င်းစတုရန်းဂရစ်ကွက် တစ်ကွက်ချင်းကို ပစ်ဇယ် (Pixel) ဟုခေါ်သည်။ တစ်နည်းအားဖြင့် ပစ်ဇယ်ဆိုသည်မှာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ မြေပြင်ပေါ်ရှိအရာဝတ္ထုများကို မှတ်တမ်းတင်နိုင်သည့် အသေးငယ်ဆုံး မြေပြင်ဧရိယာဖြစ်သည်။ ပစ်ဇယ်အရွယ်အစား (Pixel size) သေးသေးဖြင့် မှတ်နိုင်လေ၊ မြေပြင်ပေါ်ရှိအရာဝတ္ထုများ – ဥပမာ အဆောက်အဦ၊ ကားလမ်း စသည်တို့ကို ပို၍အသေးစိတ်ထင်ရှားပြတ်သားစွာ တွေ့ရလေဖြစ်သည်။ ဥပမာအားဖြင့် ပစ်ဇယ်အရွယ်အစား ၄ မီတာသည် ၃၀ မီတာထက် ပုံရိပ်ကို ပို၍ထင်ရှားပြတ်သားစွာ အသေးစိတ်မြင်ရမည်ဖြစ်သည်။

*စာမျက်နှာ ၁၆ သို့*

*စာမျက်နှာ ၁၅ မှ*

ကျောင်းသား ကျောင်းသူများအနေဖြင့် နောက်ထပ်သိထားရမည့်အချက်မှာ ဂြိုဟ်တုဓာတ်ပုံဆိုသည်မှာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ ကမ္ဘာ့မျက်နှာပြင်ရှိ အခြင်းအရာများကို မှတ်တမ်းတင်ကူးယူခြင်းဖြစ်သည်။ ယခုပုစ္ဆာတွင် ပေးထားသော IRS LISS 4 မှ ရိုက်ယူသော ပုံရိပ်၏ မြင်ကွင်းအကျယ်သည် ၂၄ ကီလိုမီတာဖြစ်သည်။ ၎င်းမှာမြေပြင်ပေါ်တွင် အလျား ၂၄ ကီလိုမီတာနှင့် အနံ ၂၄ ကီလိုမီတာရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် မြေပြင်အလျား ၂၄ ကီလိုမီတာပေါ်တွင် ပစ်ဇယ်အရွယ်အစား ၅.၈ မီတာ ရှိသော အကွက်များဖြင့် တစ်လိုင်းချင်း မှတ်တမ်းတင်သွားမည်ဖြစ်၍ ပုံရိပ်တွင်ရှိသော အတန်းလိုက် (အလျားလိုက်) မျဉ်းအရေအတွက်ကို ရှာရန် လိုအပ်သည်။ ထိုမျဉ်းအရေအတွက်ကိုရရန် အလျား ၂၄ ကီလိုမီတာကို မြေပြင်ပေါ်ရှိအရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား (Pixel size) ၅.၈ မီတာနှင့် စားရမည်ဖြစ်သည်။ အရင်ဆုံး ၂၄ ကီလိုမီတာကို ယူနစ်တူအောင် မီတာသို့ ပြောင်းရန်လိုသည်။ ၂၄ ကီလိုမီတာကို ၁၀၀၀ မီတာနှင့် မြှောက်ရမည် (၂၄ ကီလိုမီတာ X ၁၀၀၀ မီတာ)။ မြှောက်၍ရသောကိန်းကို မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား (Pixel size) ၅.၈ မီတာဖြင့် စားပါက ပုံရိပ်တွင်ရှိသော အလျားလိုက် တန်းအရေအတွက် ၄၁၃၈ ကို ရမည်ဖြစ်သည်။

ထို့နောက် ပုံရိပ်တွင်ရှိသော အလျားလိုက် တန်းတစ်တန်းတွင်ပါဝင်မည့် ပစ်ဇယ်အရေအတွက်ကို ရှာရန် လိုသေးသည်။ ၎င်းအရေအတွက်ကို ရှာရန်ပုံရိပ်၏မြင်ကွင်းအကျယ် (တစ်နည်းအားဖြင့် အာရုံခံကိရိယာမှ မြင်တွေ့ရသော မြေပြင်၏အနံ သို့မဟုတ် ဒေါင်လိုက်အကျယ်) ၂၄ ကီလိုမီတာကို မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာဖြင့် စားရန်လိုသည်။ ဤသို့တွက်ချက်ရာတွင်လည်း ယူနစ်တူအောင် ပြောင်းပေးရန်လိုသဖြင့် ၂၄ ကီလိုမီတာကို ၁၀၀၀ ဖြင့် မြှောက်ကာ မီတာအဖြစ်ပြောင်းပြီး ၅.၈ မီတာဖြင့် စားရန်ဖြစ်သည်။ ရရှိသောအဖြေ ၄၁၃၈ သည် ပုံရိပ်တွင်ရှိသော ဒေါင်လိုက်တိုင် အရေအတွက်ပင်ဖြစ်သည်။

ဤနေရာတွင် ဖြည့်စွက်ရှင်းလင်းလိုသည်မှာ ယခု ပုစ္ဆာတွင်ပေးထားသော ဂြိုဟ်တုပုံရိပ်များရှိ ပစ်ဇယ်များသည် အတိုင် အတန်းပါသော စတုရန်းဂရစ်ကွက်များဖြင့် ဖွဲ့စည်းထားသောကြောင့် အလျားလိုက် (အတန်း) ရှိသော ပစ်ဇယ်တန်ဖိုးများနှင့် ဒေါင်လိုက် (အတိုင်) ရှိသော ပစ်ဇယ်တန်ဖိုးများသည် အတူတူပင်ဖြစ်သည်။ သို့သော် တချို့ဂြိုဟ်တုပုံရိပ်များသည် အလျား (တန်း) နှင့် အနံ (တိုင်) မတူသည်များလည်း ရှိသည်ကို သိထားရန်လိုသည်။

ဆက်လက်၍ ပုံရိပ်မြင်ကွင်းတစ်ခုလုံး၏ ပစ်ဇယ်စုစုပေါင်းကိုရရန် ပုံရိပ်ရှိ အလျားလိုက် တန်းအရေအတွက်နှင့် ပုံရိပ်တွင်ရှိသောဒေါင်လိုက်တိုင်အရေအတွက်ကို မြှောက်ရန်ဖြစ်သည်။ ပုစ္ဆာတွင်ပေးထားသည့် IRS LISS 4 တွင် ရောင်စဉ်စုအရေအတွက်သည် ၃ ခုဖြင့် ရိုက်ကူးထားသောကြောင့် ၃ နှင့် ထပ်မြှောက်ပေးရန်လိုသည်။ ၄၁၃၈ X ၄၁၃၈ X ၃ = ၅၁၃၆၉၁၃၂ ပစ်ဇယ်ရမည်။ ၁ မီဂါပစ်ဇယ်တွင် ပစ်ဇယ်ပေါင်းတစ်သန်းရှိ၍ မြှောက်၍ရသောအဖြေကို တစ်သန်းဖြင့် စားက ၅၁.၃၇ မီဂါပစ်ဇယ်ကိုရမည်။ ထိုအဖြေသည် ပုံရိပ်တွင်ပါဝင်သော စုစုပေါင်းပစ်ဇယ်အရေအတွက်အဖြစ်သာ ရှိသေးသည်။

ပေးထားသောမေးခွန်းသည် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းနိုင်မည့် ပမာဏဟု မေးထားခြင်းဖြစ်သည့်အတွက် ရရှိလာသော ပစ်ဇယ်စုစုပေါင်းကို ကွန်ပျူတာတွင် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏအဖြစ် ပြောင်းလဲနိုင်ရေးအတွက် ဆက်လက်တွက်ချက်ပေးရန်လိုသည်။

ဤနေရာတွင် ကျောင်းသားများ သိရှိနားလည်ထားရမည်မှာ အရာဝတ္ထုမှ ဖြာထွက်သော လျှပ်စစ်သံလိုက်စွမ်းအင်များ၏ အသေးစိတ်ခွဲခြားနိုင်မှု အတိုင်းအတာများကို ပစ်ဇယ်များအတွင်း မှတ်တမ်းတင်ရာတွင် "ဘစ်" အရေအတွက်ဖြင့် ဖော်ပြလေ့ရှိသည်။ ကွန်ပျူတာတွင် သိမ်းနိုင်သည့် ပမာဏ (Memory Storage) ကို "ဘစ်"၊ "ဘိုက်"၊ "မီဂါဘိုက်" စသည်တို့ဖြင့် ပြလေ့ရှိသည်။ ထို့ကြောင့် ပစ်ဇယ်တန်ဖိုး **ဘစ်**မှ **ဘိုက်** သို့ ယူနစ်ပြောင်းရန်လိုလာသည်။ ၈ ဘစ်လျှင် ၁ ဘိုက်ရှိသဖြင့် ပုစ္ဆာတွင်ပေးထားသော IRS LISS 4 ၏ အရာဝတ္ထုမှ ဖြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားနိုင်မှု ၇ ဘစ် အား ၈ ဘစ်ဖြင့် စားပါက ကွန်ပျူတာတွင် ပစ်ဇယ် ၁ ခုကို သိမ်းနိုင်သောပမာဏ ၀.၈၈ ဘိုက်ကိုရမည်။

ဤနေရာတွင် ပိုမိုနားလည်အောင် ဖြည့်စွက်ရှင်းပြချင်သည်မှာ ဂြိုဟ်တုနှင့် တပ်ဆင်ထားသော အာရုံခံကိရိယာများပေါ်မူတည်၍ ပစ်ဇယ်တန်ဖိုးများ ကွဲပြားသည်။ ထိုသို့ ပစ်ဇယ်တန်ဖိုးကွဲပြားလျှင် ကွန်ပျူတာတွင် မှတ်တမ်းတင်သိမ်းဆည်းနိုင်သော ပမာဏလည်း ကွဲပြားသည်။

တွက်ချက်၍ရရှိထားသော ပစ်ဇယ်စုစုပေါင်း (၅၁.၃၇ မီဂါပစ်ဇယ်) ကို ကွန်ပျူတာတွင် မှတ်နိုင်သော ပမာဏ ၀.၈၈ ဘိုက်ဖြင့် မြှောက်ပါက ၄၅.၂ မီဂါဘိုက်ကို ရရှိမည်ဖြစ်သည်။ ထို့ကြောင့် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက်ဆိုသည့် အဖြေကိုရမည် ဖြစ်သည်။

တွက်ချက်ပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

**တွက်ချက်ခြင်း။**

ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် = $\frac{\text{အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏အလျား}}{\text{မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား}}$

= $\frac{\text{၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ}}{\text{၅.၈ မီတာ}}$ (၁ ကီလိုမီတာ=၁၀၀၀ မီတာ)

= $\frac{\text{၂၄၀၀၀ မီတာ}}{\text{၅.၈ မီတာ}}$

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် = $\frac{\text{အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏အနံ}}{\text{မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား}}$

= $\frac{\text{၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ}}{\text{၅.၈ မီတာ}}$

= $\frac{\text{၂၄၀၀၀ မီတာ}}{\text{၅.၈ မီတာ}}$

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်တွင်ပါဝင်သောပစ်ဇယ်စုစုပေါင်း = ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် X ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် X ရောင်စဉ်စုအရေအတွက်

= ၄၁၃၈ X ၄၁၃၈ X ၃

= ၅၁၃၆၉၁၃၂ ပစ်ဇယ်

= ၅၁.၃၇ မီဂါပစ်ဇယ် (၁ မီဂါပစ်ဇယ် = ၁၀၀၀၀၀၀ ပစ်ဇယ်)

အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ၅၁.၃၇ မီဂါပစ်ဇယ် X ၀.၈၈ ဘိုက်

= ၄၅.၂ မီဂါဘိုက်

ထို့ကြောင့် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဖြစ်သည်။

အထက်တွင် အဆင့်လိုက် တွက်ပြသည်များကို လေ့လာပြီး ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၅၈ ရှိ ဇယားနံပါတ် ၅.၃ တွင်ဖော်ပြထားသော Landsat ဂြိုဟ်တု၊ SPOT ဂြိုဟ်တုများနှင့် ၎င်းတို့၏ အချက်အလက်များကို အသုံးပြုပြီး အတွက်ပုစ္ဆာများကို လေ့ကျင့်တွက်ချက်သင့်ပါသည်။ ဤအပိုင်းတွင် တွက်ချက်ရသည့် ပုစ္ဆာရည်များကို အမှတ် (၁၄) မှတ်ဖိုး မေးနိုင်သည်သာမက ဂြိုဟ်တုပုံရိပ်များနှင့် စပ်လျဉ်း၍ တွက်ချက်မှုတစ်စိတ်တစ်ပိုင်းကို (၇) မှတ်တန်အဖြစ်လည်း မေးနိုင်သည်ကို သတိပြုသင့်သည်။

နမူနာ ပုစ္ဆာအနေဖြင့် ဖြတ်ထုတ်ထားသော ပုံရိပ်တစ်ခု၏ မြေပြင်အတိုင်းအတာသည် ၁၀၀ ကီလိုမီတာ x ၈၀ ကီလိုမီတာ၊ မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၁၅ မီတာ၊ ရောင်စဉ်စုအရေအတွက် ၄ ခုနှင့် မှတ်တမ်းတင်ထားသော် ၎င်းပုံရိပ်တွင် ပစ်ဇယ်စုစုပေါင်းမည်မျှရှိမည်နည်း။

ဦးစွာ ပုစ္ဆာတွင်ပေးထားချက်များနှင့် ရှာရန်ကိုရေးမည်။ ထို့နောက် တွက်ချက်ခြင်းအပိုင်းတွင် အတန်းလိုက်ပစ်ဇယ်အရေအတွက်နှင့် အတိုင်လိုက် ပစ်ဇယ်အရေအတွက်များကို အရင်ရှာရမည်။ ထိုသို့ရှာရာတွင် ယူနစ်တူစေရန် ကီလိုမီတာကို မီတာသို့ ပြောင်းလဲပေးရမည်ဖြစ်၍ ၁၀၀၀ မီတာနှင့်မြှောက်ရန်ဖြစ်သည်။ ထို့နောက် အတန်းနှင့် အတိုင် ၂ ခုတွင်ရှိသော ပစ်ဇယ်အရေအတွက်ကို မြှောက်ပြီး ၎င်းကို ပေးထားသည့် ရောင်စဉ်စုအရေအတွက်နှင့် ထပ်မံမြှောက်ပါက စုစုပေါင်း ပစ်ဇယ်အရေအတွက်ကို ရမည်ဖြစ်သည်။ ၎င်းအရေအတွက်ကို တစ်သန်းဖြင့် စားပါက စုစုပေါင်း မီဂါပစ်ဇယ်ကို ရမည်ဖြစ်ပါသည်။

**ပေးထားချက်။**

မြေပြင်အတိုင်းအတာ = ၁၀၀ ကီလိုမီတာ X ၈၀ ကီလိုမီတာ

မြေပြင်ရှိပစ်ဇယ်အရွယ်အစား = ၁၅ မီတာ

ရောင်စဉ်စုအရေအတွက် = ၄ ခု

**ရှာရန်။**

ပုံရိပ်ရှိ ပစ်ဇယ်စုစုပေါင်း = ?

**တွက်ချက်ခြင်း။**

အတန်းအတွက် ပစ်ဇယ်စုစုပေါင်း = $\frac{\text{ပုံရိပ်၏မြင်ကွင်းအကျယ် (အလျား)}}{\text{မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား}}$

= $\frac{\text{၁၀၀ x ၁၀၀၀}}{\text{၁၅}}$ (၁ ကီလိုမီတာ = ၁၀၀၀ မီတာ)

= ၆၆၆၆.၆၇ ပစ်ဇယ်

= ၆၆၆၇ ပစ်ဇယ် (အနီးဆုံးအပြည့်ကိန်း)

အတိုင်အတွက် ပစ်ဇယ်စုစုပေါင်း = $\frac{\text{ပုံရိပ်၏မြင်ကွင်းအကျယ် (အနံ)}}{\text{မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား}}$

= $\frac{\text{၈၀ x ၁၀၀၀}}{\text{၁၅}}$ (၁ ကီလိုမီတာ = ၁၀၀၀ မီတာ)

= ၅၃၃၃.၃၃၃၃

= ၅၃၃၃ ပစ်ဇယ် (အနီးဆုံးအပြည့်ကိန်း)

ပစ်ဇယ်စုစုပေါင်း = အတန်းရှိပစ်ဇယ်စုစုပေါင်း x အတိုင်ရှိပစ်ဇယ်စုစုပေါင်း x ရောင်စဉ်စုအရေအတွက်

= ၆၆၆၇ x ၅၃၃၃ x ၄

= ၁၄၂၂၀၄၄၄ ပစ်ဇယ်

= ၁၄၂၂၀၄၄၄ ÷ ၁၀၀၀၀၀၀ (၁ မီဂါပစ်ဇယ် = ၁၀၀၀၀၀၀ ပစ်ဇယ်)

= ၁၄၂.၂၀၄၄၄ မီဂါပစ်ဇယ်

ပစ်ဇယ်စုစုပေါင်း = ၁၄၂ မီဂါပစ်ဇယ် (အနီးဆုံးအပြည့်ကိန်း)

ထို့ကြောင့် ပစ်ဇယ်စုစုပေါင်းမှာ ၁၄၂ မီဂါပစ်ဇယ် ဖြစ်သည်။

လက်တွေ့ပထဝီဝင်ပိုင်းမှာ နောက်ထပ်လေ့ကျင့်ရမည့်အပိုင်းကတော့ ပထဝီဝင်သတင်းအချက်အလက်စနစ်များ အပိုင်းဖြစ်ပါသည်။ ပထဝီဝင်သတင်းအချက်အလက်များကို အသုံးပြုမည်ဆိုလျှင် ပထဝီဝင်ဆိုင်ရာအယူအဆအချို့ဖြစ်သည့် တည်နေရာ (Location)၊ ဦးတည်ရာ (Direction)၊ အကွာအဝေး (Distance)၊ နေရာ (Space)နှင့် သွားလာရေး (Navigation) တို့ကို နားလည်ရန်လိုအပ်ပြီး ထိုသတင်းအချက်အလက်များကိုဖော်ပြသော ဗက်တာ၊ ရာစတာတို့၏ အခြေခံသဘောတရားကို နားလည်ရန်လိုအပ်သည်။

ဗက်တာအခြေခံပထဝီဝင်ဆိုင်ရာအချက်အလက်များကို ဖော်ပြရာတွင် နေရာအလိုက်အချက်အလက်များဖြစ်သည့် ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိအခြင်းအရာများကို အမှတ်များ၊ မျဉ်းများ၊ ဧရိယာများဖြင့် ကိုယ်စားပြုဖော်ပြလေ့ရှိသည်။

အမှတ်တစ်ခုသည် တည်နေရာကိုသာ ဖော်ပြနိုင်သည်။ ဥပမာ မြေပုံများတွင် တောင်ထိပ်များ၊ ဘုရားများ၊ ဆေးရုံများကို အမှတ် (တစ်နည်းအားဖြင့် အစက်) ဖြင့် ပြလေ့ရှိတယ်။ မျဉ်းတစ်ကြောင်းကို ဖော်ပြရာတွင်မူ ထိုမျဉ်း၏ တည်နေရာအပြင် အလျားအတိုင်းအတာကိုလည်း ဖော်ပြသည်။ ၎င်းမျဉ်း၏ စမှတ်နှင့် ဆုံးမှတ်ဟု အမှတ်နှစ်ခုပါဝင်ပြီး ၎င်းအမှတ်များကြားတွင် နောက်ထပ်အမှတ်များလည်း ရှိနိုင်သည်။ ထိုမျဉ်း၏ တည်နေရာကို အစဉ်လိုက်ရှိသော x, y ကို ဩဒိနိတ်များဖြင့် ဖော်ပြနိုင်သည်။ မျဉ်းများသည် မျဉ်းဖြောင့် သို့မဟုတ် မျဉ်းကွေးများလည်း ရှိနိုင်သည်။ ဥပမာအားဖြင့် မြေပုံများတွင် ကားလမ်းများ၊ နယ်နိမိတ်မျဉ်းများကို ဖော်ပြခြင်းမျိုးဖြစ်သည်။

ဤအပိုင်းအတွက် ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၇၆ နှင့် ၁၈၈ တို့တွင်ပါရှိသည့် ပုံများကဲ့သို့ ပုံတစ်ပုံပေးထားပြီး ပေးထားသောပုံမှ အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ ဆက်စပ်တည်ရှိမှုကို ဖော်ပြပါဟူသော မေးခွန်းမျိုးလေ့ကျင့်ထားသင့်ပါသည်။ နမူနာအဖြစ် အောက်ဖော်ပြပါပုံတွင် ပေးထားသော အမှတ်များ မျဉ်းပိုင်းများ၊ ဧရိယာများ ဆက်စပ်တည်ရှိမှုကိုဖော်ပြပါဆိုသည့်မေးခွန်းကို လေ့လာကြည့်မည်။

*စာမျက်နှာ ၁၇ သို့*

စာမျက်နှာ ၁၆ မှ




ဖြေဆိုချက်။

(ဇယား – က)

| မျဉ်းပိုင်းအမည် | ဘယ်ဘက်ရှိဧရိယာ | ညာဘက်ရှိဧရိယာ |
|---|---|---|
| A | 100 | 101 |
| B | 100 | 102 |
| C | 100 | 103 |
| D | 102 | 101 |
| E | 103 | 102 |
| F | 103 | 101 |

(ဇယား – ခ)

| ဧရိယာအမည် | ပါဝင်သောမျဉ်းပိုင်းများ |
|---|---|
| 101 | A, D, F |
| 102 | B, D, E |
| 103 | C, F, E |

(ဇယား – ဂ)

| မျဉ်းပိုင်းအမည် | မျဉ်းပိုင်းတို့၏ X, Y ကိုသြဒိနိတ်အမှတ်များ |
|---|---|
| A | (1,3) (1,9) (4,9) |
| B | (4,9) (9,9) (9,6) |
| C | (6,9) (1,9) (1,1) (1,3) |
| D | (4,9) (4,7) (5,5) (5,3) |
| E | (6,9) (7,3) (5,3) |
| F | (5,3) (1,3) |

ပေးထားသောပုံတွင် မျဉ်းတစ်ကြောင်းချင်းစီ၏ တည်နေရာဆိုင်ရာတန်ဖိုးများကို သတ်မှတ်ရာတွင် ပထမဦးစွာ ထိုမျဉ်းပိုင်းများ၏ ဘယ်ဘက်နှင့်ညာဘက်ရှိ ဧရိယာများကို (ဇယား – က) တွင် ပြထားသကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ထို့နောက် ၎င်းဧရိယာများကို ဖွဲ့စည်းထားသော မျဉ်းပိုင်းများကို (ဇယား – ခ) ကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ပြီးနောက် ထိုဧရိယာအလိုက် ဖွဲ့စည်းထားသော မျဉ်းပိုင်းတစ်ခုစီ၏ X, Y ကို သြဒိနိတ်အမှတ်များကို အောက်တွင်ပြထားသည့် ဇယားအတိုင်း (ဇယား – ဂ) မျဉ်းပိုင်းအလိုက် ဖော်ပြပေးရန်ဖြစ်သည်။ ဤသို့ဖြင့် မေးခွန်းတွင် ရှာခိုင်းသော အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ၏ ဆက်စပ်မှုကို လွယ်ကူစွာ ဖော်ပြနိုင်မည်ဖြစ်သည်။

ပထဝီဝင် သတင်းအချက်အလက်စနစ်များ သင်ခန်းစာတွင် အခြေခံသီအိုရီသဘောတရားများကို သိနားလည်ထားရမည့်အပြင် ဗက်တာဆိုင်ရာ အခြေခံအချက်အလက်များ၊ ရာစတာဆိုင်ရာ အခြေခံအချက်အလက်များကို ပုံများပေး၍ အမှတ်များ၊ မျဉ်းများ၊ ဧရိယာနှင့်ဆက်စပ်သော အကြောင်းအရာအချက်အလက်များကို ဖော်ပြခိုင်းသည့် လေ့ကျင့်ခန်းများကိုလည်း ကြိုတင်လေ့ကျင့်ထားကြရန် လိုအပ်ပါသည်။

အနှစ်ချုပ်တင်ပြရမည်ဆိုပါက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ် မေးခွန်းသည် အလွတ်ကျက်ဖြေခြင်းမှ အထိုက်အလျောက် ကင်းလွတ်ပြီး စဉ်းစားတွေးခေါ်ဖြေဆိုရမည့် အပိုင်းများ ရှိသော်လည်း ကျောင်းသားများ အလွယ်တကူဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ယခုပို့ချချက်သည် ကျောင်းသားများအတွက် များစွာအထောက်အကူ ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

လာမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများအားလုံး ပထဝီဝင်ဘာသာရပ်ကို အခက်အခဲမရှိ ထူးချွန်စွာ ဖြေဆိုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

# ၂၀၂၅ ခုနှစ် မတ်လ လပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင် တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၇ ရက်မှ ၁၀ ရက်ခန့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၄ ရက်မှ ၆ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ ၃ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ်နှင့် အထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မတ်လ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် ၁၂ ရက်မှ ၁၈ ရက်ခန့်၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း) တို့တွင် ၆ ရက်မှ ၁၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတို့တွင် ၁ ရက်မှ ၅ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများ ဆိုင်းနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁ ပေခွဲမှ ၃ ပေခန့်၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၁ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ပဲခူးမြို့တွင် ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များထက် မြင့်တက်လာနိုင်ပြီး မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်နှင့် ပဲခူးမြစ်ရေသည် ဇောင်းတူမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များ အောက် ကျဆင်းလာနိုင်သည်။

မိုး/ဇလ

# စိုက်ပျိုးရေးကုန်ကြမ်းသီးနှံ အခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်

**နေပြည်တော် မတ် ၁**

မဲခေါင်–လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၄)ဖြင့် ဆောင်ရွက်လျက်ရှိသော “Encouraging Small Scale Industries In Agro–based Sector” “စီမံကိန်းဖြင့် စိုက်ပျိုးရေးကုန်ကြမ်းသီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း” အမှတ်စဉ်(၇) ဖွင့်ပွဲအခမ်းအနားကို သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) Incubation Centre ၌ ဖေဖော်ဝါရီ နောက်ဆုံးပတ်က ပြုလုပ်ရာ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားခဲ့သည်။

သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိပြီး ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၅ ရက်အထိ ခုနစ်ရက်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါသင်တန်းတွင် အသေးစားစီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်သည်အထိ ဈေးကွက်ဝင်ထုတ်ကုန်အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည့်အပြင် ထုပ်ပိုးမှုဆိုင်ရာ နည်းပညာများနှင့် စားသောက်ကုန်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ ဘာသာရပ်များကိုပါ ထည့်သွင်းသင်ကြားပို့ချပေးမည်ဖြစ်ပြီး အမှန်တကယ် အသေးစားကုန်ထုတ်လုပ်ငန်း ထူထောင်လိုသူ ငါးဦးကို စည်းမျဉ်းစည်းကမ်းများနှင့် စိစစ်ရွေးချယ်ကာ လုပ်ငန်းလုပ်ကိုင်ရာတွင် အဓိက လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများကို ပံ့ပိုးပေးမည် ဖြစ်ကြောင်း သိရသည်။

၂၂

## ရမည်းသင်းမြို့နယ်၌ အခြေခံသမဝါယမအသင်းများအား မိုးကြိုဝါမျိုးစေ့ပေးအပ်

**ရမည်းသင်း မတ် ၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌတို့ ကြီးကြပ်၍ မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မိုးကြိုဝါစိုက်ပျိုးမည့် အခြေခံသမဝါယမ အသင်းသားများထံ ဝါမျိုးစေ့အိတ်များ ပေးအပ်ခြင်းကို ဖေဖော်ဝါရီ နောက်ဆုံးပတ်က ဆောင်ရွက်သည်။



ရမည်းသင်းမြို့နယ်အတွင်း ကတင်ကျေးရွာ လင်းလင်းစိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းရှိ အသင်းသားတောင်သူ ၈၄ ဦး၏ ဝါစိုက်ဧက ၂၄၅ ဧကအတွက် B-31 ဝါမျိုးစေ့အိတ် ၁၀၀၊ ဆည်ကြီးကျေးရွာ တက်သစ်စ-၂ လယ်ယာနှင့် အထွေထွေ သမဝါယမအသင်းရှိ အသင်းသားတောင်သူ ၅၁ ဦး၏ ဝါစိုက်ဧက ၁၇၇ ဧကအတွက် B-31 ဝါမျိုးစေ့အိတ် ၂၅၀၊ ထန်းတောကျေးရွာ ရွှေထန်းတောကုန်ထုတ် သမဝါယမအသင်းရှိ အသင်းသားတောင်သူ ၃၃ ဦး၏ ဝါစိုက်ဧက ၁၀၈ ဧကအတွက် B-31 ဝါမျိုးစေ့ ၆၇ အိတ်၊ RaKa-666 ဝါမျိုးစေ့ ကိုးအိတ် ပေးအပ်သည်။ အခြေခံသမဝါယမအသင်းသုံးသင်းမှ စုစုပေါင်း တောင်သူ ၁၆၈ ဦး၊ ဝါစိုက်ဧက ၅၃၀ အတွက် B-31 ဝါမျိုးစေ့အိတ် ၄၁၇ အိတ်၊ RaKa-666 ဝါမျိုးစေ့ ကိုးအိတ် ပေးအပ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## သာစည်မြို့နယ်၌ ရေဘေးကြောင့် ပျက်စီးသွားသော လျှပ်စစ်မီးတိုင်များ ပြုပြင်ပြီးစီး

**သာစည် မတ် ၁**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ၂၀၂၄ ခုနှစ် စက်တင်ဘာလက မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေ ဝင်ရောက်မှုကြောင့် ပျက်စီးခဲ့သော လျှပ်စစ်မီးတိုင်များ ပြန်လည်ပြုပြင် ပြီးစီးသွားပြီဖြစ်ရာ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး စစ်ဆေးဆောင်ရွက်ပြီးပါက ရေဝင်ခဲ့သော ပြည်ညောင်ကျေးရွာအား လျှပ်စစ်ဓာတ်အား ပြန်လည်ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာထံမှ သိရသည်။

တောင်ကျရေ ဝင်ရောက်မှုကြောင့် ၁၃၂/ ၃၃/ ၁၁ ကေဗွီ၊ ၆၀ အမ်ဗွီအေ ရေပေါင်းဆုံခွဲရုံ ၃၃ ကေဗွီ၊ ယင်းမာပင်ဖီဒါမှ ၁၂ မီတာကွန်ကရစ်တိုင် ၃၀ ရေတိုက်စားပျက်စီးခဲ့သဖြင့် လျှပ်စစ်ဓာတ်အား ပြတ်တောက်လျက်ရှိရာ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဆောင်သည့် လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများက အချိန်နှင့်တစ်ပြေးညီ ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ တတိယပတ်က ပြန်လည်ပြုပြင်ပြီးစီးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## တွံတေးမြို့နယ်ရှိ ကလေးသူငယ် ၁၈၂၃၆ ဦးအား ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး



**တွံတေး မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်အတွင်းရှိ အသက်နှစ်လမှ ငါးနှစ်အထိ ကလေးသူငယ်များကို ပိုလီယိုကာကွယ်ဆေး (အစက်ချဆေး)အရှိန်အဟုန်မြှင့် တိုက်ကျွေးခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ နောက်ဆုံးပတ်က မြို့နယ်ဆေးရုံ၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ တိုက်နယ် ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများတွင် ဆောင်ရွက်သည်။

အဆိုပါ ကာကွယ်ဆေး တိုက်ကျွေးခြင်းလုပ်ငန်းကို ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသက်စုမွန် ဦးဆောင်၍ မြို့နယ်ဆေးရုံ၊ မိခင်နှင့် ကလေး ကျန်းမာရေးဌာန၊ တိုက်နယ်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၄၆ ခုတို့တွင် ဖေဖော်ဝါရီ ၂၇ ရက်မှ မတ် ၅ ရက်အထိ ကလေးသူငယ် ၁၈၂၃၆ ဦးကို တစ်ပြိုင်တည်း တိုက်ကျွေးမည်ဖြစ်ကြောင်း သိရသည်။

**တွံတေးသား**

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ ပိုလီယိုကာကွယ်ဆေးတိုက်ကျွေး

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဖေဖော်ဝါရီ ၂၇ ရက်မှစတင်ကာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသုဝေ ဦးစီး၍ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်း ပရဟိတအသင်းအဖွဲ့များ ပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် အသက်နှစ်လမှ ငါးနှစ်အထိ ကလေးငယ်များကို ပိုလီယိုကာကွယ်ဆေး (အစက်ချဆေး) တိုက်ကျွေးခြင်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီက ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မြို့နယ်ပြည်သူ့ဆေးရုံ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူလတန်းကြိုကျောင်း၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ၊ ဒေသန္တရကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာန/ခွဲများနှင့် ရပ်ကွက်များ၌ ကာကွယ်ဆေးတိုက်ကျွေးသည့် စုရပ်များဖွင့်လှစ်ကာ တိုက်ကျွေးပေးကြောင်း သိရသည်။

**နေမျိုးအောင်(ဒဂုံတောင်)**



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



## လူမှုဖူလုံရေးအဖွဲ့က ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေး

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အာမခံအလုပ်သမား ဦးရဲထွန်းဦး၏ အလုပ်ခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်းအခမ်းအနားကို ဖေဖော်ဝါရီနောက်ဆုံးပတ်က ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီးတာဝန်ခံအရာရှိက ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက အာမခံအလုပ်သမား ဦးရဲထွန်းဦး၏ အလုပ်ခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်(ငွေလုံးငွေရင်း) ခွင့်ပြုငွေကျပ်သိန်း ၉၀ ကို ဇနီးဖြစ်သူ ဒေါ်အေးအေးမော်ထံ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေပြည်သာမြို့နယ်၌ ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေး

**ရန်ကုန် မတ် ၁**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ အသက်နှစ်လမှ ငါးနှစ်အရွယ် ကလေးများအား ပိုလီယိုရောဂါကာကွယ်ဆေး (အစက်ချဆေး) တိုက်ကျွေးခြင်းကို ဖေဖော်ဝါရီနောက်ဆုံးပတ်က အမှတ်(၁၀) ရပ်ကွက်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မူကြိုကျောင်းနှင့် အမှတ်(၅)ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာန အမှတ်(၁) မူကြိုကျောင်းတို့၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့က ကလေးငယ်များကို ကျန်းမာရေးအသိပညာပေးဟောပြောကာ မူကြိုကလေး ၁၅၀ အား ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## နယ်စပ်ဖြတ်ကျော် မီးခိုးမြူညစ်ညမ်းမှု အသိပညာပေး

**တောင်ကြီး မတ် ၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရှမ်းပြည်နယ်တောင်ပိုင်း) ရုံးခန်းမ၌ ဖေဖော်ဝါရီ နောက်ဆုံးပတ်က ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးလမင်းသန်းက ပြည်နယ်နှင့် ခရိုင်အဆင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းများအား နယ်စပ်ဖြတ်ကျော် မီးခိုးမြူညစ်ညမ်းမှုနှင့် မြူကင်းစင်သော ကောင်းကင်မဟာဗျူဟာအကြောင်း၊ လေထုညစ်ညမ်းမှုဖြစ်ပေါ်စေသည့် PM 2.5 အမှုန်အမွှားများအကြောင်း အသိပညာပေးဟောပြောပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မင်းသန့်**



## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/ အကွက်အမှတ်၊ CC / မြနန္ဒာ၊ ဦးပိုင်အမှတ် ( ၁၀၈ + ၁၀၉ )၊ မြေဧရိယာ ၀ ဒသမ ၁၆၆ ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဦးပီတင်ရှု ၁၂/ကမရ(ဧည့်) ၀၀၀၁၀၈ နှင့် ဒေါ်သိင်္ဂီနိုင် ၁၃ /တကန(နိုင်)၁၂၁၇၂၄ တို့မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ၈၈-၃၊ ဦးပိုင်အမှတ်(၆၂)၊ ၅၇(ဘီ)လမ်း၊ ၁၀၄ x ၁၀၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးစံရင်၏ (GP ရရှိသူ ဒေါ်နှင်းစံပယ်ဦး)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၉၃၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးမြင့်ထွန်း ၉/မကန(နိုင်)၁၅၆၈၇၀ က အမှုတွဲအမှတ်(၆၇၂၀/ ၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ၈၈-၁၉၊ ဦးပိုင်အမှတ် ၇၉၊ ၁၀၉ လမ်း၊ ၅၀x၅၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဟိုရင် (ခ) ဒေါ်မော်လီဝင်း ၁/မညန(ဧည့်)၀၀၀၀၉၁ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၅၄၁၄/၂၀၁၄) ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုးသူရ (ခ) ကျော်သူရ ၁၂/လမတ(နိုင်)၀၀၁၁၇၃ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက်ရပ်ကွက်၊ အကွက်အမှတ် ၂၁၂၊ ဦးပိုင်အမှတ် ၂၆/၂၅x၂၆ လမ်းကြား၊ ၉၁ လမ်း x သင်္ဂဇာချောင်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးသန်းထွဋ်အောင် ၉/အမဇ (နိုင်)၀၂၁၄၀၀၊ ဒေါ်ခိုင်ခင်ဦး ၅/ဟမလ(နိုင်)၀၆၈၄၆၂ တို့၏ အထူး ကိုယ်စားလှယ်လွှဲစာအမှတ်(၂၁၁၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးသက်နိုင်ထွန်း ၉/မနတ (နိုင်)၁၀၃၂၇၃ က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဋ္ဌကမဟီရပ်ကွက်၊ အကွက်အမှတ် (၆၃၃)၊ ဦးပိုင်အမှတ်(၅)၊ ၃၂ x ၃၃ လမ်းကြား၊ ၇၇ လမ်းရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်နန်းစိန် ၉/မရမ(နိုင်)၀၇၇၃၆၆ က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် (၁၁၅)၊ ဦးပိုင်အမှတ် ၁၀၄-ထ၊ ၂၁လမ်း၊ ၈၆ x ၈၇ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးစန်းထွန်းဦးထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၂၀၉/၂၀၀၂)ဖြင့် ဝယ်ယူခဲ့သူ ဦးသန်းထွန်းဦး ၉/မနမ(နိုင်)၀၄၆၄၀၆၊ ဒေါ်မြမြရီ ၉/မနမ(နိုင်)၀၄၆၄၀၇ တို့က အမှုတွဲအမှတ် (၀၇၇၉/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၅)၊ ဦးပိုင်အမှတ်(၁၅၄)၊ ၁၀၅ x ၁၀၆ ကြား၊ ၅၅(A) လမ်းရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတာတာ ၉/မနမ(နိုင်)၀၂၀၈၇၈ က အမှုတွဲအမှတ်(၆၇၁၉/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (မ-၂၇)၊ ဦးပိုင်အမှတ် (၃၁-ခ)၊ ၄၂(A)လမ်း၊ ၅၈ x ၅၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သိမ့်မြတ်ထွေးထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၄၄၆၄/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ကြွယ် ၅/ဟမလ(နိုင်)၀၃၀၆၅၂ က အမှုတွဲအမှတ် (၆၇၁၃/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ် န-၁၊ ဦးပိုင်အမှတ်(၇၀)၊ ၆၃ x ၆၄ ကြား၊ ၄၀ x ၄၁ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန့်ဇော်နိုင်၊ ဒေါ်မိုးစန္ဒာနိုင်၊ ဒေါ်မိုးနီလာနိုင်၊ ဒေါ်မိုးမူယာနိုင်တို့၏ (GP ရရှိသူ ဒေါ်မိုးစန္ဒာနိုင် ၎င်းကိုယ်တိုင်နှင့်အတူ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၂၆၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်အေးဝင်း (ခ) အေးအေးဝင်း ၅/မရန(နိုင်)၀၄၈၉၇၆ က အမှုတွဲအမှတ် (၆၇၁၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ကက-၅၊ ဦးပိုင်အမှတ် (၂၉)၊ ၅၅x၅၆ကြား၊ ၁၀၁x၁၀၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ PUNAM (ခ) YA MIN ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၄၂၈၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အားချင် ၁၃/လရန(နိုင်)၁၁၇၈၃၀ က အမှုတွဲအမှတ် (၆၇၂၂/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လို ပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ် C(စီ)၊ ဦးပိုင်အမှတ် ၁၅၃-က၊ ၁၀၂(A)လမ်း၊ ၆၇ x ၆၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဗိုလ်ချုပ်သာအေး၏(SP ရရှိသူ ဒေါ်ရင်ရင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၁၂၂/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးစိုင်းချင် ၉/မမန(နိုင်)၀၈၀၉၆၉ က အမှုတွဲအမှတ် (၆၇၂၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၇)၊ ဦးပိုင်အမှတ် ၂၆ ဃ ၉၀လမ်း၊ ၂၆ x ၂၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ကြေးမုံမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၄၀၈၅/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးအောင်ဇော်ထက် ၉/အမဇ(နိုင်)၀၄၀၀၂၄၊ ဒေါ်နွယ်နွယ်ဦး ၉/အမဇ(နိုင်)၀၄၄၂၆၁ တို့က အမှုတွဲအမှတ် (၆၇၁၂/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးဝင်းနိုင်နှင့် အများသိစေရန် အသိပေးကြေညာချက်

မန္တလေးမြို့နေ ကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်ခင်မာဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဝင်းနိုင်နှင့် အများသိစေရန် ကြေညာပါသည်။

ကျွန်ုပ်အမှုသည် ဒေါ်ခင်မာဆွေသည် အဆောက်အအုံများဆောက်လုပ်ခြင်း၊ မြို့ပြအင်ဂျင်နီယာလုပ်ငန်းများနှင့် အထူးပြုဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ဦးဝင်းနိုင်သည် ကျွန်ုပ်အမှုသည်က လုပ်ငန်းများနှင့်ပတ်သက်ပြီး ညွှန်ကြားစေခိုင်းခံရသူ တစ်ဦးဖြစ်ပါသည်။ ဦးဝင်းနိုင်သည် ကျွန်ုအမှုသည်နှင့်လုပ်ငန်းများလုပ်ကိုင်နေသောယနေ့အထိ ငွေကြေးများနှင့်ပတ်သက်၍ လုပ်ငန်းခွင်လုပ်ကိုင်ရာတွင် တိကျစွာ စာရင်းရှင်းလင်းပေးခြင်းမပြုသေးပါ။ လုပ်ငန်းသုံးယာဉ်များနှင့်ပတ်သက်၍လည်း စာရင်းရှင်းပေးရန်လိုအပ်နေပါသည်။

အထက်ပါအကြောင်းများကြောင့် ယခုကြေညာချက်ကို သတင်းစာတွင်ပါဝင်သည့်ရက်မှစပြီး (၇)ရက်အတွင်း ကျွန်ုပ်အမှုသည်ထံ အထက်ဖော်ပြပါကိစ္စရပ်များ ရှင်းလင်းပေးပါရန် တောင်းဆိုပါသည်။ မလိုက်နာ ပျက်ကွက်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင့်စိုး (စဉ်-၁၈၇၆/၁၉၈၀)　　ဒေါ်ဖြူဖြူသန့် (စဉ်-၈၈၉၂/၂၀၁၃)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၃၀)၊ လမ်း ၂၀ နှင့် ၆၄ (စီ)ထောင့်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၂၀၀၇၁၄၉၊ ၀၉-၄၃၁၀၂၄၀၂**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8H/3919 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4Q/6902 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6075 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/78347 Dayang-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးနိုင်ဝင်း ၉/မရမ(နိုင်)၀၈၈၅၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/27900, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Golden Mandalar Prince Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/18089, Lonxuan 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မျိုးလွင် ၉/အမဇ(နိုင်)၀၀၅၆၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ မြေကွက်အမှတ် (၃၀၃/ခ)၊ ဧရိယာ (၀ ဒသမ၀၃၉)ဧက၊ မြေကွက်တည်နေရာအမှတ် (၃၀၃/ခ)၊ ပန်းခြံ (၁၀)၊ (၉)ရပ်ကွက်၊ ရွှေပြည်သာ ဦးခင်မော် ၁၂/တမန(နိုင်)၀၄၈၈၅၃ အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်မြေအမည်ပေါက် ဦးခင်မော် ၁၂/တမန(နိုင်)၀၄၈၈၅၃ သည် ၂၄-၁-၂၀၁၁ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ဇနီးဖြစ်သူ ဒေါ်ခင်မြင့် ၁၂/ဗဟန(နိုင်)၀၃၄၀၀၇ မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ နှစ်(၆၀)ဂရန် မူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ နှစ်(၆၀)ဂရန်မူရင်းနှင့် အထက်ပါမြေကွက်တို့အား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ် တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်း ကျောက်တံတားခရိုင်တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၁၃၂၀/ ၂၀၂၄ (၁၁-၇-၂၀၂၄)၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်ပျောက်ဆုံးကြောင်း ကိုယ်တိုင်ဝန်ခံချက်၊ ခင်ပွန်းဖြစ်သူ ကွယ်လွန်ပြီးနောက် အထက်ဖော် ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ခင်မြင့်ကသာလျှင် မြန်မာ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်းနှင့် ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျောက်တံတားခရိုင် တရားရုံး၏ ကျမ်းကျိန်လွှာအမှတ်- ၁၃၂၂/ ၂၀၂၄ (၁၁-၇-၂၀၂၄) တင်ပြ၍ ပိုင်ဆိုင်မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅ဘီ)၊ မြေကွက်အမှတ် (၅ဘီ၁)၊ ဧရိယာ(၃ဒသမ၂၇၈)ဧက အကျယ်ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်တို့မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်သဲသဲမာ** | **ဦးထက်မြက်ကျော်** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၄၆၀/၂၀၁၇)** | **(စဉ်-၃၄၉၈၇/၂၀၁၁)** |
| **LL.B, D.B.L, D.I.L, WIPO** | **LL.B, LL.M** |

**ဖုန်း- ၀၉-၇၉၉၆၈၁၂၁၇၊ ၀၉-၉၆၉၉၈၅၉၇၇**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ ကွင်း/ အကွက်အမှတ် ၁၈/ ကျောက်တောင်၊ ဦးပိုင်အမှတ် ( ၆၅ - က )၊ မြေဧရိယာ ၀ ဒသမ ၁၁၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး ၊ ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးစောမိုးနိုင် ၉/မရတ(နိုင်)၁၀၁၈၀၉ မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင် /မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ဦးကျင်လှိုင်နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဇ)ရပ်ကွက်၊ အကွက်အမှတ်(နန-၃)၊ ဦးပိုင်အမှတ်(၂၀)၊ ဧရိယာ (၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဦးကျင်လှိုင်၏အထူးကိုယ်စားလှယ်စာရသူ ဦးကျော်ဆွေထံမှ ကျွန်မဒေါ်မင်းမင်းထွန်းက အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာလက်ရှိထားပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် သက်ဆိုင်ရာရုံးဌာနတို့တွင် ဝယ်ယူသူအမည်ပေါက်သည့်အထိ ဆောင်ရွက်ပေးပါမည်ဟုဝန်ခံကတိပြုထားသည်ဖြစ်၍ ၁၄-၃-၂၀၂၅ နောက်ဆုံးထားပြီး ကျွန်ုပ်ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အားချုပ်ဆိုပေးရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဦးကျင်လှိုင်နှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မင်းမင်းထွန်း**
**အကွက်(နန-၈/၆၈)၊ (ဇ)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၀၆ ၂၂၇၈**

## ဒေါ်ထွေးအုံနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဖဖ)၊ ဦးပိုင်အမှတ် (၂၂)၊ ဧရိယာ(၀ဒသမ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်အား ဂရန်အမည်ပေါက်သူ ဒေါ်ထွေးအုံ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးသန်းမြင့်ထံမှ ကျွန်တော်ဦးမျိုးသက်ခိုင်၊ ဒေါ်ဌေးဌေးအောင်တို့မှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူကာလက်ရှိထားနေထိုင် ပိုင်ဆိုင်လျက်ရှိပါသည်။

အဆိုပါအရောင်းအဝယ်ကတိစာချုပ်တွင် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုလိုသည့်အချိန်တွင် ချုပ်ဆိုပေးပါမည်ဟု ဝန်ခံကတိပြုထားသည်ဖြစ်၍ (၁၄-၃-၂၀၂၅) နောက်ဆုံးထားပြီး ကျွန်ုပ်တို့ထံသို့ ဆက်သွယ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုပေးပါရန် အသိပေးအကြောင်းကြားပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက် မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အား ချုပ်ဆိုပေးရန်ပျက်ကွက်ပါက ဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်ထွေးအုံနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**၁။ ဦးမျိုးသက်ခိုင် ၂။ ဒေါ်ဌေးဌေးအောင်**
**အကွက်(ဖဖ/ ၂၂)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့**
**ဖုန်း-၀၉-၈၈၈၄၄၀၃၂၁၊ ၀၉-၄၄၄၀၀၃၆၅၆**

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

(၇၂)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၅ ခုနှစ် မတ်လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု

ဆ - ၃၀၇၁၉၄

ကံထူးရှင်(၁)ဦး

## အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆု

ဃ - ၁၆၇၇၈၃

ကံထူးရှင်(၁)ဦး

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆု

ဇ - ၄၅၄၅၄၃

ကံထူးရှင်(၁)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ

က - ၂၅၉၈၇၁ က - ၇၅၁၃၃၁
ဆ - ၅၁၉၃၈၇ ဃ - ၉၇၆၉၀၁

ကံထူးရှင်(၄)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ

ဃ - ၆၂၀၄၄၉ စ - ၉၁၄၂၉၈
ဇ - ၆၉၀၉၀၀ ခ - ၉၃၈၈၁၃
က - ၈၁၇၄၆၅

ကံထူးရှင်(၅)ဦး

## ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ

ဃ - ၁၆၂၀၅၆ ဇ - ၅၂၄၀၃၀ ဆ - ၇၄၈၇၀၈
င - ၂၀၉၉၆၈ င - ၆၁၀၆၂၀ င - ၈၂၄၃၁၁
ဃ - ၂၁၉၆၆၅ ခ - ၇၃၃၉၃၇ ဂ - ၈၈၂၄၄၆
က - ၃၅၆၀၆၄

ကံထူးရှင်(၁၀)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

ဇ - ၁၃၉၀၇၂ င - ၅၇၂၁၀၇
ဂ - ၁၅၈၅၁၄ ဆ - ၆၂၆၇၉၀
ဆ - ၃၄၁၄၆၂ ခ - ၇၂၂၆၄၀
ဂ - ၄၇၀၉၅၉ က - ၇၅၃၁၃၀
ဆ - ၅၀၃၅၉၂ ခ - ၈၉၄၈၃၈
ခ - ၅၅၂၀၀၄ င - ၉၈၄၅၅၇
က - ၅၆၂၆၅၆

ကံထူးရှင်(၁၃)ဦး

## ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ

ဆ- ၁၁၆၀၇၉ င - ၄၅၂၀၅၈ ဃ- ၅၁၉၈၅၄
ဆ- ၂၀၂၉၃၆ ခ - ၄၅၂၉၃၃ ဆ- ၅၄၇၅၉၀
င - ၂၁၇၈၈၃ ဂ - ၄၆၂၀၂၅ စ - ၇၂၂၀၆၆
ဇ - ၂၈၈၅၅၃ ခ - ၄၈၃၉၅၄ ဃ- ၇၃၇၈၅၃
